# ကျွန်ုပ်တို့အား သူပရောဖက်များကို ပေးခဲ့သည်

သင်ခန်းစာ ခုနစ်

ကြိုတင်ဟောပြောမှုများ၏ရည်ရွယ်ချက်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း.......... 1

ဘုရားသခင်၏အချုပ်အခြာအာဏာ .......... 1

ဘုရားသခင်၏မပြောင်းလဲခြင်း.......... 2

ဘုရားသခင်၏စရိုက်လက္ခဏာ.......... 2

ပဋိညာဉ်ကတိတော်များ.......... 3

ထာဝရအကြံအစည်တော်.......... 3

ဘုရားသခင်၏ပံ့ပိုးပေးခြင်း.......... 5

ကြိုတင်ဟောပြောမှုများနှင့် ဖြစ်နိုင်ဖွယ်အခြေအနေများ.......... 6

ယေဘုယျပုံစံများ.......... 6

ရှုမြင်သုံးသပ်ခြင်း.......... 7

ရှင်းပြခြင်း.......... 7

အသေးစိတ်ဖော်ပြခြင်း.......... 8

တိကျသောဥပမာများ.......... 9

ရှေမာယ၏ကြိုတင်ဟောပြောခြင်း.......... 9

ယောန၏ကြိုတင်ဟောပြောခြင်း.......... 10

ကြိုတင်ဟောပြောမှုများ၏ တိကျသေချာခြင်း.......... 12

အခြေအနေဆိုင်ရာ ကြိုတင်ဟောပြောမှုများ.......... 13

ကန့်သတ်ချက်မပါသော ကြိုတင်ဟောပြောမှုများ.......... 14

ကြိုတင်ဟောပြောမှုများ အတည်ပြုခြင်း.......... 15

နုတ်ကပတ်တော်.......... 15

နိမိတ်လက္ခဏာများ.......... 16

ကျမ်းသစ္စာကျိန်ဆို ကြိုတင်ဟောပြောမှုများ.......... 17

ကြိုတင်ဟောပြောမှု၏ပန်းတိုင်များ.......... 19

ထင်ရှားသောရှုထောင့်များ.......... 19

မှန်ကန်သောရှုထောင့်များ.......... 21

"မည်သူသိသနည်း" တုံ့ပြန်ခြင်း.......... 22

နှစ်ဆသောတုံ့ပြန်ခြင်း.......... 23

နိဂုံး.......... 24





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ဓမ္မဟောင်းအနာဂတ္တိကျမ်းများကို ဖတ်ရှုသူတိုင်းက ပရောဖက်များသည်ကြိုတင်ဟောပြောမှုများစွာပြုလုပ်ခဲ့ကြသည်ကိုတွေ့ရှိကြပြီး၊ အနာဂတ္တိကျမ်းတွင် ကြိုတင်ဟောပြောမှုများ အဘယ်ကြောင့် ဤမျှရှိနေသနည်းဟု သင့်အနေဖြင့်လူများကိုမေးပါက—၎င်းသည် ကျွန်ုပ်တို့အားအနာဂတ်အကြောင်းကို ဖော်ပြရန်ဖြစ်သည်ဟု သင့်အားရိုးရှင်းစွာပြောကြပါလိမ့်မည်။ ဤသင်ခန်းစာတွင် ပရောဖက်များသည် အနာဂတ်နှင့်ပတ်သက်၍ကျွန်ုပ်တို့ကိုအသိပေးရန် ၎င်းတို့၏ကြိုတင်ဟောပြောမှုများကို အဓိကအားဖြင့် မပြုလုပ်ခဲ့ကြကြောင်းနှင့် ၎င်းအစား၊ အနာဂတ်ကိုပုံဖော်ရန်အတွက် ဘုရားသခင်၏လူတို့ကိုတိုက်တွန်းအားပေးရန် ကြိုတင်ဟောပြောမှုများကိုပြုခဲ့ကြောင်း လေ့လာကြရမည်ဖြစ်သည်။

ပရောဖက်များသည် အဘယ်အတွက်ကြောင့် အနာဂတ်အကြောင်းပြောကြသည်ကို လေ့လာမည်ဖြစ်သောကြောင့် ဤသင်ခန်းစာကို "ကြိုတင်ဟောပြောခြင်း၏ရည်ရွယ်ချက်" ဟုခေါင်းစဉ်တပ်ထားပါသည်။ ကြိုတင်ဟောပြောခြင်းများ၏ရည်ရွယ်ချက်ကို ရှာဖွေဖော်ထုတ်ရန်၊ မတူညီသောခေါင်းစဉ်လေးခုကို လေ့လာသွားပါမည်_ ရှေးဦးစွာ ပရောဖက်များသည် သမိုင်းတစ်လျှောက် ဘုရားသခင်၏ အချုပ်အခြာအာဏာကို မည်သို့နားလည်ခဲ့ကြသနည်း။ ဒုတိယ ပရောဖက်များသည် သူတို့၏ကြိုတင်ဟောပြောမှုများ၊ လူသား၏အခြေအနေများနှင့်ပတ်သက်၍ မည်သို့ယုံကြည်ခဲ့ကြသနည်း။ တတိယ ပရောဖက်များသည် သူတို့၏ကြိုတင်ဟောပြောမှုများ၏တိကျသေချာမှုကို မည်သို့နားလည်ခဲ့ကြသနည်း။ စတုတ္ထ ဓမ္မဟောင်းကြိုတင်ဟောပြောမှုများ၏ပန်းတိုင်များကားအဘယ်နည်း စသည်တို့ဖြစ်သည်။ ဘုရားသခင်၏အချုပ်အခြာအာဏာသည် ကြိုတင်ဟောပြောမှုများအပေါ် ပရောဖက်များ၏ နားလည်မှုနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်မည်သို့ပြောင်းလဲခဲ့သည်ကို ဦးစွာကြည့်ကြပါစို့။

# ဘုရားသခင်၏အချုပ်အခြာအာဏာ

ခရစ်ယာန်များသည်လည်း လူအားလုံးနည်းတူ အစွန်းရောက်သွားတတ်သည်ကို သတိပြုမိဖူးပါသလား။ အစားအစာကို အလွန်အကျွံ သို့မဟုတ် အနည်းငယ်သာစားသည်၊ သို့မဟုတ် လေ့ကျင့်ခန်းကို အလွန်အကျွံသို့မဟုတ် အနည်းငယ်သာလုပ်သည်။ ထိုကဲ့သို့သောအရာသည် ဓမ္မပညာတွင်လည်း ဖြစ်ပျက်နေသည်။ ကျွန်ုပ်တို့သည် ဓမ္မပညာအယူအဆများကို တွေးတောသောအခါတွင် ကြိမ်ဖန်များစွာ အစွန်းရောက်တတ်သည်၊ အထူးသဖြင့် ဘုရားသခင်၏အချုပ်အခြာအာဏာဆိုင်ရာအကြောင်းအရာတွင် ဖြစ်သည်။ လူ့တာဝန်၏အဖြစ်မှန်ကိုဖယ်ထုတ်သည့်အထိ ဘုရားသခင်၏အချုပ်အခြာအာဏာကို

အလေးပေးသော ခရစ်ယာန်အချို့ကို သမိုင်းတစ်လျှောက်တွေ့ရသည်၊ ထို့ပြင် ဘုရားသခင်၏အချုပ်အခြာအာဏာကိုငြင်းပယ်သည့်အထိ လူသား၏ရွေးချယ်မှုနှင့် လူ့တာဝန်၏အရေးပါမှုကို အလေးပေးသောသူများကိုလည်းတွေ့ရသည်။ ဤကဲ့သို့သောအယူအဆမျိုးများနှင့်ပတ်သက်၍ အသင်းတော်တွင် ရှုပ်ထွေးမှုများ များစွာရှိနေသဖြင့် ဘုရားသခင်၏အချုပ်အခြာအာဏာနှင့် လူသားတို့၏တာဝန်အပေါ် သမ္မာကျမ်းစာ၏ရှုမြင်ပုံကို ကျွန်ုပ်တို့ကြည့်ရမည်ဖြစ်ပါသည်။ ဘုရားသခင်၏အချုပ်အခြာအာဏာဆိုင်ရာသမ္မာကျမ်းစာ၏အယူဝါဒသည် ပရောဖက်များ၏အနာဂတ်နှင့်ပတ်သက်၍ ကြိုတင်ဟောပြောမှုကို နားလည်ရန်အတွက် မရှိမဖြစ်လိုအပ်သောနောက်ခံတစ်ခုကိုပေးပါသည်။

ဘုရားသခင့်အချုပ်အခြာအာဏာ၏အကြောင်းအရာကို လေ့လာချဉ်းကပ်နိုင်သည့် နည်းလမ်းများစွာရှိသည်၊ သို့သော်ကျွန်ုပ်တို့သည် ရိုးရာဓမ္မပညာဆိုင်ရာအကြောင်းအရာနှစ်ခုကို လေ့လာပါမည်_ ပထမ ဘုရားသခင်၏မပြောင်းလဲခြင်းနှင့် ဒုတိယ ဘုရားသခင်၏ပံ့ပိုးပေးခြင်းတို့ ဖြစ်သည်။ ဘုရားသခင်၏မပြောင်းလဲခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာတွင်မည်သို့ဖော်ပြထားသည်ကို ဦးစွာကြည့်ကြပါစို့။

# ဘုရားသခင်၏မပြောင်းလဲခြင်း

ရိုးရှင်းစွာပြောရလျှင်၊ မပြောင်းလဲခြင်းအယူဝါဒသည် ဘုရားသခင်သည်မပြောင်းလဲကြောင်း သွန်သင်သည့်အယူဝါဒဖြစ်သည်။ ယခု၊ ကျွန်ုပ်တို့စိတ်ကူးပြီးပြောဆိုသမျှတွင် သတိထားရမည်ဖြစ်သည်၊ အကြောင်းမှာ ဘုရားသခင်သည် မပြောင်းလဲသောဘုရားမဟုတ်သောကြောင့်ဖြစ်သည်။ စနစ်ကျသော ရိုးရာဓမ္မပညာသည် ဘုရားသခင်၏မပြောင်းလဲခြင်းကိုဖော်ထုတ်ရာတွင် ရာစုနှစ်များစွာအထူးဂရုပြုခဲ့သည်။ အမှန်တကယ်တွင်၊ ဘုရားသခင်သည်ပြောင်းလဲခြင်းမရှိဟု ခေါ်ဆိုနိုင်သည့် အဓိကနည်းလမ်းသုံးမျိုးသာရှိသည်။

## ဘုရားသခင်၏စရိုက်လက္ခဏာ

ပထမ၊ ဘုရားသခင်၏စရိုက်လက္ခဏာသည် မပြောင်းလဲပါ။ ဘုရားသခင်သည် အစဉ်အမြဲချစ်တော်မူသည်၊ အစဉ်အမြဲတရားမျှတသည်၊ အစဉ်အမြဲအရာခပ်သိမ်းကိုသိသည်၊ အစဉ်အမြဲတန်ခိုးကြီးသည်၊ အစဉ်အမြဲနေရာတိုင်း၌ ရှိတော်မူသည်။ ဘုရားသခင်၏ဂုဏ်အရည်အချင်းများသည် အချိန်နှင့်အမျှပြောင်းလဲခြင်းမရှိပါ။ ဟေဗြဲ ၁၃:၈ အားရေးသားစဉ်တွင် ဟေဗြဲကျမ်းရေးသူ၏ဆိုလိုရင်းမှာ_

> ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲမပြောင်းမလဲ
> နေတော်မူ၏ (ဟေဗြဲ ၁၃း၈)။

ဘုရားသခင်သည် အခြားအရာတစ်ခုသို့ ပြောင်းလဲမသွားနိုင်ပါ။ သူ၏ဂုဏ်အရည်အချင်းများသည် မပြောင်းလဲသောကြောင့် သူ၏စရိုက်လက္ခဏာသည်လည်းမပြောင်းလဲဟု ကျွန်ုပ်တို့ သတ်မှတ်နိုင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ပဋိညာဉ်ကတိတော်များ

ဘုရားသခင်သည်မပြောင်းလဲဟုဆိုရာ၌ ကိုယ်တော်၏စရိုက်လက္ခဏာ သို့မဟုတ် ဂုဏ်အရည်အချင်းများအပြင် အခြားခံစားမှုတစ်ခုပါရှိသည်။ ၎င်းမပြောင်းလဲခြင်းသည် သူ၏ပဋိညာဉ်ကတိတော်များနှင့် သက်ဆိုင်သည်။ ဘုရားသခင်သည် ကျိန်ဆိုခြင်းပဋိညာဉ်ကိုပြုသောအခါ၊ ၎င်းသည် ထာဝရတည်မြဲပြီး မည်သည့်အခါမျှ ပျက်ပြယ်မည်မဟုတ်ပါ။ တစ်ဖန်၊ ဟေဗြဲကျမ်းရေးသူသည် ဤကိစ္စရပ်တွင် သမ္မာကျမ်းစာသွန်သင်ချက်ကို အကျဉ်းချုပ်ဖော်ပြခဲ့သည်။ ဟေဗြဲ ၆း၁၆-၁၇ တွင် အောက်ပါနုတ်ကပတ်တော်များကို တွေ့ရသည်–

> လူတို့သည် မိမိထက်ကြီးမြတ်သောသူကို တိုင်တည်၍ကျိန်ဆိုလေ့ရှိကြ၏။ မြဲမြံစေတတ်သောအကျိန်သည် ငြင်းခုံခြင်းရှိသမျှကို ဖြေတတ်၏။ ထို့ကြောင့်၊ ဂတိတော်ကို အမွေခံရသောသူတို့သည်၊ ဘုရားသခင်၏အကြံအစည်တော် မဖေါက်ပြန်နိုင်ကြောင်းကို အတပ်သိစေခြင်းငှါ၊ ဘုရားသခင်သည် အကျိန်အားဖြင့်အာမခံတော်မူ၏ (ဟေဗြဲ ၆း၁၆-၁၇)။

ဤကျမ်းပိုဒ်က ရှင်းလင်းစွာဖော်ပြထားသည့်အတိုင်း၊ ဘုရားသခင်သည် ကျိန်ဆိုခြင်းပဋိညာဉ်ကိုပြုသောအခါ၊ သူမိန့်တော်မူခဲ့သည်နှင့်ကွဲလွဲမည်မဟုတ်ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ပါသည်။

## ထာဝရအကြံအစည်တော်

ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိဟု သမ္မာကျမ်းစာတွင် သွန်သင်သည့်တတိယနည်းမှာ သူ၏ထာဝရအကြံညာဏ် သို့မဟုတ် စကြာဝဠာအတွက် သူ၏ထာဝရအကြံအစည်တော်နှင့်သက်ဆိုင်သည်။ အချို့သောခရစ်ယာန်အုပ်စုများသည် သမ္မာကျမ်းစာရှိဤသွန်သင်ချက်ကို မမြင်ကြသော်လည်း၊ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ပြောသမျှသည် ဘုရားသခင်တွင် မပြောင်းလဲသောအကြံအစည်ရှိပြီး ၎င်းအကြံအစည်တော်သည် သမိုင်းအားလုံးကိုအုပ်စိုးကြောင်း ယုံကြည်ချက်ပေါ်တွင် တည်ဆောက်ထားသည်။ ၎င်းသည် *Westminster Confession of Faith* ကိုရည်ညွှန်းခြင်းဖြင့် ဤအယူဝါဒကို ရိုးရာနည်းဖြင့် အကျဉ်းချုပ်ဖော်ပြရာရန် အထောက်အကူပြုသည်။ *Westminster Confession of Faith* အခန်း ၃၊ အပိုဒ် ၁ တွင်ဘုရားသခင်၏ ထာဝရအကြံအစည်တော်နှင့်ပတ်သက်သော အောက်ပါစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရသည်–

> ဘုရားသခင်သည် မိမိအလိုဆန္ဒအရလွတ်လပ်စွာ၊ မပြောင်းလဲဘဲ အသန့်ရှင်းဆုံးသောဉာဏ်ပညာဖြင့် ထာဝရကာလမှစ၍ မည်သည့်အရာမဆို စီရင်ဆုံးဖြတ်တော်မူခဲ့သည်။

ဤဝန်ခံချက်သည် ဘုရားသခင်၏အချုပ်အခြာအာဏာကို အလွန်ရှင်းလင်းစွာ ဖော်ပြသည်။ ရိုးရှင်းစွာပြောရလျှင်၊ ဘုရားသခင်တွင် စကြဝဠာအတွက်အကြံအစည်တော်ရှိသည်။ ၎င်းသည် အလုံးစုံပြီးပြည့်စုံပြီး၊ ပျက်စီးခြင်းမရှိပါ။ တမန်တော်ပေါလုသည် သူ၏ကျမ်းများတွင် ဘုရားသခင်၏ဤအကြံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစည်တော်ကို ဟောပြောခဲ့သည်။ ဥပမာ ဧဖက် ၁:၁၁ တွင်၊ အောက်ပါနုတ်ကပတ်တော်များကို သူရေးသားခဲ့သည်၊_

> မိမိစေတနာ၏အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူ တတ်သော သူ၏ကြံစည်ခြင်းရှိသည်အတိုင်း၊ (ဧဖက် ၁:၁၁)။

တမန်တော်၏အဆိုအရ၊ ဘုရားသခင်တွင် အရာအားလုံးပါဝင်သည့်အစီအစဉ်တစ်ခုရှိပြီး၊ ဘုရားသခင်သည် ထိုအကြံအစည်တော်အတိုင်း အရာအားလုံးကို လုပ်ဆောင်မည်ဖြစ်သည်။

ပရောဖက်ဟေရှာယသည် ဘုရားသခင်၏အလုံးစုံသောဤအကြံအစည်တော်နှင့်ပတ်သက်၍ ဟောပြောခဲ့သည်။ ဟေရှာယ ၄၆း၉-၁၁ တွင်ပရောဖက်၏အောက်ပါနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ ဖတ်ရသည်_

> ရှေးကာလ၌ ဖြစ်ဘူးသောအမှုအရာတို့ကို အောက်မေ့ကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ။ အဦးမှစ၍ အဆုံးတိုင်အောင်၎င်း၊ ရှေးကာလမှစ၍ မဖြစ်သေးသောအမှုအရာတို့ကို၎င်း ဘော်ပြလျက်၊ ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်ဟု ဆိုလျက်၊… ငါသည် နှုတ်ထွက်အတိုင်းပြုမည်။ ကြံသည်အတိုင်း စီရင်မည် (ဟေရှာယ ၄၆:၉-၁၁)။

ပရောဖက်များသည် သမ္မာကျမ်းစာ၏အယူဝါဒဖြစ်သည့် ဘုရားသခင်၏မပြောင်းလဲခြင်းအယူဝါဒကိုယုံကြည်ကြောင်း ကျွန်ုပ်တို့နားလည်ရန်အလွန်အရေးကြီးပါသည်။ ဘုရားသခင်သည် သူ၏စရိုက်လက္ခဏာ၊ ကိုယ်တော်၏ပဋိညာဉ်ကတိတော်များနှင့် စကြာဝဠာအတွက်ထာဝရအကြံအစည်တော်တွင် ပြောင်းလဲခြင်းမရှိပါ။ ထို့ကြောင့် ဣသရေလတို့သည် သမိုင်းတွင်မည်သို့ပင်ဖြစ်ခဲ့ပါစေ၊ ဘုရားသခင်သည် သူ၏စရိုက်လက္ခဏာအပေါ် အမြဲသစ္စာရှိမည်ဟု ပရောဖက်များက နားလည်ခဲ့ကြသည်။ ကိုယ်တော်သည် သူ၏ခိုင်မာသည့်ပဋိညာဉ်ကတိတော်များကို အမြဲစောင့်ထိန်းမည်ဖြစ်ကြောင်း သူတို့နားလည်ခဲ့ကြပြီး၊ ဘုရားသခင်၏အကြံအစည်တော်နှင့် အရာခပ်သိမ်းအပေါ် ကိုယ်တော်၏ထိန်းချုပ်မှုသည် မည်သည့်အခါမျှ ပျက်ကွက်မည်မဟုတ်ကြောင်းကိုလည်း သူတို့သိရှိခဲ့ကြသည်။ အနာဂတ္တိကျမ်းများကို ကျွန်ုပ်တို့ဖတ်ရှုသည့်အခါ၊ ဆိုးရွားသည့်အရာများဖြစ်ပျက်ခဲ့သည်ကို အကြိမ်များစွာတွေ့ရှိသော်လည်း၊ ၎င်းသည် ဘုရားသခင်၏မပြောင်းလဲခြင်းအပေါ် ယုံကြည်စိတ်ချမှုကို အစဉ်အမြဲထောက်ပံ့ပေးသည်။

ဘုရားသခင်၏မပြောင်းလဲခြင်းသည် ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုများ အားလုံးအတွက် နောက်ခံကိုဖန်တီးပေးထားသည်ကို တွေ့မြင်ပြီးနောက်၊ ဒင်္ဂါးပြား၏ အခြားတစ်ဖက်ကိုလည်း ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ ဘုရားသခင်၏မပြောင်းလဲခြင်းအယူဝါဒသည် ဘုရားသခင်၏ပံ့ပိုးပေးခြင်းအယူဝါဒနှင့် ဟန်ချက်ညီရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဘုရားသခင်၏ပံ့ပိုးပေးခြင်း

ဘုရားသခင်၏ပံ့ပိုးပေးခြင်းနှင့်ပတ်သက်၍ ဘုရားသခင်သည် စကြဝဠာအတွက်ထာဝရအကြံအစည်တော်ကို သမိုင်းတွင်တက်ကြွစွာ လုပ်ဆောင်နေစဉ်တွင် ပါဝင်ပတ်သက်မှုအဖြစ် သတ်မှတ်နိုင်သည်။ သမ္မာကျမ်းစာအရ၊ ဘုရားသခင်သည် သူ၏မပြောင်းလဲသောအကြံအစည်တော်ကိုကြည့်ရုံမျှဖြင့် သူ၏ဖန်ဆင်းခြင်းမှ ကင်းကွာနေမည်မဟုတ်ပါ။ ၎င်းအစား၊ ဘုရားသခင်သည် သူ၏ထာဝရအကြံအစည်တော်တွင် သူကိုယ်တိုင်၏အခန်းကဏ္ဍတစ်ခုပါရှိသည်။ ထို့ကြောင့် သမ္မာကျမ်းစာသည် ဘုရားသခင်ကို အသက်ရှင်သောဘုရားသခင်အဖြစ် မကြာခဏပြောလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည်သမိုင်းဇာတ်ခုံပေါ်တွင် မင်းသားတစ်ဦးဖြစ်ပြီး၊ ဖန်ဆင်းခြင်းကို ပံ့ပိုးပေးခြင်းအားဖြင့်အမြဲတစေ ထိတွေ့ဆက်ဆံနေသောကြောင့်ဖြစ်သည်။ တစ်ဖန် *Westminster Confession of Faith* သည်ဤကိစ္စရပ်များကို ရှင်းလင်းစွာနားလည်ရန်ကူညီပေးသည်။ အခန်း ၅၊ အပိုဒ် ၂ တွင်ဘုရားသခင်၏ပံ့ပိုးပေးခြင်းဆိုင်ရာ အောက်ပါစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရသည်_

> ပထမအကြောင်းရင်းအရ၊ ဘုရားသခင်၏ကြိုတင်သိမြင်မှု၊ ပညတ်တော်များနှင့်စပ်လျဉ်း၍ အရာခပ်သိမ်းသည်မပြောင်းလဲ၊ အမှားအယွင်းမရှိဖြစ်ပေါ်လာသည်။ သို့ရာတွင် ဒုတိယအကြောင်းတရား၏ သဘောသဘာဝအရ၊ မရှိမဖြစ်၊ လွတ်လပ်စွာ သို့မဟုတ် တဆက်တည်းသော်လည်းကောင်း၊ တူညီသောပံ့ပိုးပေးခြင်းဖြင့် ကိုယ်တော်သည် ၎င်းတို့ကိုဆုတ်ခွာရန် အမိန့်ပေးတော်မူသည်။

ဤတွင်ပထမဦးစွာ၊ ထာဝရရှုထောင့်မှကြည့်လျှင် ဘုရားသခင်၏အကြံအစည်တော်သည် မပျက်မကွက်၊ မပြောင်းမလဲနှင့် အမှားအယွင်းမရှိ ပြီးမြောက်မည်ကို မြင်ရသည်။ သို့သော်၊ သမိုင်းဆိုင်ရာပံ့ပိုးပေးသည့်ရှုထောင့်မှကြည့်လျှင်၊ ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းတွင် မတူညီသောနည်းလမ်းများဖြင့် အပြန်အလှန်တုံ့ပြန်ခြင်းဖြင့် သူ၏အကြံအစည်တော်ကို လုပ်ဆောင်ကြောင်းကိုလည်းတွေ့မြင်ရသည်။ သူသည် ဒုတိယအကြောင်းတရားများ သို့မဟုတ် ဖန်ဆင်းခြင်း၏အကြောင်းတရားများနှင့် မတူညီသော နည်းလမ်းသုံးမျိုးဖြင့် အနည်းဆုံးထိတွေ့ဆက်ဆံသည်။ ဘုရားသခင်သည်အဖြစ်အပျက်များကို အမိန့်ပေးခြင်းဖြင့် သူ၏အကြံအစည်တော်ကို လုပ်ဆောင်သည်။ သို့မှသာ၎င်းတို့သည် အချင်းချင်းမရှိမဖြစ်၊ လွတ်လပ်စွာ သို့မဟုတ် တဆက်တည်းသော်လည်းကောင်း ဖြစ်ကြသည်။ ဤထူးခြားချက်များသည် အရေးကြီးသောကြောင့် ၎င်းတို့ကို အနည်းငယ်ဖော်ထုတ်လေ့လာကြပါစို့။

တစ်ခါတစ်ရံတွင် ဘုရားသခင်၏ပံ့ပိုးပေးခြင်းသည် အချို့သောအရာများကို သေချာပေါက်ဖြစ်လာစေသည်။ ဤနေရာတွင် စိတ်ထဲတွင်စွဲထင်နေသောအဖြစ်အပျက်များသည် ဆွဲငင်အားဆိုင်ရာနိယာမကဲ့သို့သော သဘာဝတရား၏ပုံမှန်နိယာမများအရ ဖြစ်ပျက်သည့်အရာများဖြစ်သည်။ သဘာဝတရား၏နိယာမများသည် ကြိုတင်မှန်းဆနိုင်သော၊ လိုအပ်သော ပံ့ပိုးခြင်းပုံစံများကို ပေးစွမ်းနိုင်သော်လည်း၊ တစ်ချိန်တည်းတွင် အချို့သောဖြစ်ရပ်များသည် လွတ်လပ်စွာဖြစ်ပေါ်လာသည်ဟု *Confession of Faith* တွင်လည်း ဖော်ပြထားသည်။ တစ်နည်းဆိုရသော်၊ ၎င်းတို့သည် လူသား၏အမြင်မှ ကျပန်း

ပေါ်ထွက်လာခြင်းဖြစ်သည်။ အန်စာတုံးများလှိမ့်ခြင်း၊ ရာသီဥတုပုံစံများကဲ့သို့သော ဘဝ၏အဖြစ်အပျက်များသည် ဘုရားသခင်၏ထိန်းချုပ်မှုအောက်တွင် လုံးဝရှိနေသော်လည်း၊ ၎င်းတို့သည် လူသားတို့၏အကျိုးအတွက် ကျပန်း သို့မဟုတ် လွတ်လပ်စွာ ဆက်နွယ်နေပုံရသည်။ နောက်ဆုံးတွင်၊ *Confession of Faith* သည်အချို့အရာများသည် သမိုင်းတွင်တဆက်တည်းဖြစ်ပျက်နေသည်ဟု ဆိုသည်။ မှန်ပါသည်၊ ဘုရားသခင်သည် ဤအဖြစ်အပျက်အားလုံး၏တာဝန်ရှိသူ အမြဲဖြစ်ခဲ့သည်၊ သို့သော် လူသားများ၏ ရွေးချယ်မှုဆိုင်ရာအခြေအနေများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် ဤကိစ္စရပ်များ၌ သမိုင်း၏ဦးတည်ချက်ကို ထိန်းချုပ်ခဲ့သည်။

ပရောဖက်များသည် ဘုရားသခင်၏ထာဝရအကြံအစည်သည်မလွဲမသွေ ပြီးမြောက်လိမ့်မည်ဟု ယုံကြည်ရုံသာမက၊ ဘုရားသခင်၏အကြံအစည်တော်သည် လူသား၏ရွေးချယ်မှုနှင့် လူသားတုံ့ပြန်မှုတို့ ပါဝင်သည်ဟုလည်း ယုံကြည်ကြသည်။ ၎င်းအချက်သည် ပရောဖက်ပြုချက်ဆိုင်ရာဓမ္မအမှုတော်တွင် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး၊ ၎င်းကိုကျွန်ုပ်တို့ အသေအချာကြည့်ရှုရမည်ဖြစ်သည်။ ဘုရားသခင်၏ မပြောင်းလဲခြင်းနောက်ခံနှင့် ပံ့ပိုးပေးခြင်းကို စိတ်ထဲတွင်မှတ်သားထားခြင်းဖြင့်၊ ယခုကျွန်ုပ်တို့သည် ဒုတိယအကြောင်းအရာဖြစ်သော_ကြိုတင်ဟောပြောမှုများနှင့်အခြေအနေများကို လေ့လာကြပါမည်။

# ကြိုတင်ဟောပြောမှုများနှင့် ဖြစ်နိုင်ဖွယ်အခြေအနေများ

ယခုအချိန်အထိ၊ ဘုရားသခင်သည် လူသား၏ရွေးချယ်မှုဆိုင်ရာအခြေအနေများမှတစ်ဆင့် သူ၏ ထာဝရအကြံအစည်တော်ကို တစ်ခါတစ်ရံလုပ်ဆောင်သည်ကို တွေ့မြင်ရသည်။ ဤအချိန်တွင်ကျွန်ုပ်တို့ မြင်ရမည့်အရာမှာ ဤလူသား၏အခြေအနေမျိုးများသည် ဓမ္မဟောင်းပရောဖက်ပြုချက်၏ကြိုတင် ဟောပြောမှုများအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုရှိပါသည်။ တစ်ခါတစ်ရံ ပရောဖက်ပြုချက် ဆိုင်ရာကြိုတင်ဟောပြောမှုနှင့် ထိုပရောဖက်ပြုချက်၏ပြည့်စုံမှုကြား လူသား၏ရွေးချယ်မှုဝင်ရောက် ခြင်းသည် သမိုင်း၏ရလဒ်အပေါ် သိသာထင်ရှားသော သြဇာလွှမ်းမိုးမှုရှိသည်။ ကြိုတင်ဟောပြောမှုများ နှင့် အခြေအနေများကြားဆက်နွယ်မှုကိုလေ့လာရန်၊ အကြောင်းအရာနှစ်ခုကို ကျွန်ုပ်တို့ထိတွေ့ရန်လိုအပ် သည်_ ပထမ သမ္မာကျမ်းစာသွန်သင်ပေးသည့်ယေဘုယျပုံစံများနှင့် ဒုတိယ ဤဖြစ်စဉ်နှင့်သက်ဆိုင် သည့်သီးခြားဥပမာအချို့တို့ဖြစ်သည်။

## ယေဘုယျပုံစံများ

ကြိုတင်ဟောပြောမှုများနှင့် သမိုင်းဆိုင်ရာဆက်စပ်အခြေအနေများပါဝင်သော အခြေခံ သို့မဟုတ် ယေဘုယျပုံစံကို ဦးစွာကြည့်ကြပါစို့။ အနာဂတ္တိကျမ်းများရှိကျမ်းပိုဒ်များထဲတွင် ယေရမိ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၁၈:၁-၁၀ သည် ယေဘူယျပုံစံကိုမြင်အောင်ကူညီပေးရာ၌ အကောင်းဆုံးကျမ်းပိုဒ်ဖြစ်နိုင်သည်။ ဤကျမ်းပိုဒ်သည် အလွန်အရေးကြီးသောကြောင့် ၎င်းကိုအသေအချာလေ့လာသင့်သည်။ ဤကျမ်းပိုဒ်၏ရှုထောင့်သုံးရပ်ကို ကျွန်ုပ်တို့လေ့လာပါမည်_ ပထမ ယေရမိ၏ရှုမြင်သုံးသပ်ခြင်း ၁၈:၁-၄၊ ဒုတိယ ဘုရားသခင်၏ရှင်းပြခြင်း အခန်းငယ် ၅ နှင့် ၆၊ တတိယ ဘုရားသခင်၏အသေးစိတ်ဖော်ပြခြင်း အခန်းငယ် ၇ မှ ၁၀ တို့ဖြစ်သည်။

## ရှုမြင်သုံးသပ်ခြင်း

အခန်းငယ် ၁ မှ ၄ တွင်တွေ့ရသော ယေရမိ၏ရှုမြင်သုံးသပ်ခြင်းကို ဦးစွာနားထောင်ပါ_

> ယေရမိသို့ရောက်လာသော ထာဝရဘုရား၏နှုတ်ကပတ်တော်ဟူမူကား၊ သင်သည် ထ၍အိုးထိန်းသမားအိမ်သို့ သွားလော့။ ထိုအရပ်၌ငါ့စကားကို ငါကြားစေမည်ဟု မိန့်တော်မူသည်အတိုင်း၊ ငါသည်သွား၍၊ အိုးထိန်းစက်နှင့် လုပ်လျက်ရှိသော အိုးထိန်းသမားကိုတွေ့၏။ အိုးမြေဖြင့်လုပ်သောအိုးသည်၊ အိုးထိန်းသမားလက်၌ပျက်စီးသောကြောင့်၊ သူသည် အလိုအလျောက်အသစ်ပြုပြင်၍၊ အခြားသောအိုးကိုလုပ်ပြန်လေ၏ (ယေရမိ ၁၈:၁-၄)။

ဘုရားသခင်သည် ယေရမိကို အိုးထိန်းသမားအိမ်သို့ သွားစေသည်။ ရွှံ့စေးဖြင့်အလုပ်လုပ်နေသည့်အိုးထိန်းသမား၏အိမ်သို့ ယေရမိသည်ဝင်၍၊ အိုးသည်ပျက်သွားသောအခါ အိုးထိန်းသမားသည် ပုံစံကိုပြောင်း၍ အသစ်ပြုသည်ကို မြင်လေသည်။ အိုးထိန်းသမားသည် ရွှံ့စေးဖြင့် အသင့်တော်ဆုံးဟု ထင်ရသောအိုးကို ပြုလုပ်သည်။ အိုးထိန်းသမား၏အိမ်တွင် ယေရမိ၏ရှုမြင်သုံးသပ်ခြင်းသည် ဘုရားသခင်သည် ယေရမိအားမြင်စေလိုသော အရေးကြီးသောပုံဆောင်ချက်တန်ဖိုးတစ်ခုပါရှိသည်။ ထို့ကြောင့်၊ အခန်းငယ် ၅ နှင့် ၆ တွင်ဘုရားသခင်သည် ယေရမိအား ဤအတွေ့အကြုံ၏အရေးပါပုံကို မိန့်တော်မူခဲ့သည်_

> ထိုအခါ ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုဣသရေလအမျိုး၊ အိုးထိန်းသမားပြုသကဲ့သို့ သင်တို့ကို ငါမပြုနိုင်သလော။ အိုဣသရေလအမျိုး၊ အိုးမြေသည် အိုးထိန်းသမားလက်၌ရှိသကဲ့သို့ သင်တို့သည် ငါ့လက်၌ရှိကြ၏ (ယေရမိ ၁၈:၅-၆)။

## ရှင်းပြခြင်း

ဤကျမ်းပိုဒ်သည် သမ္မာကျမ်းစာရှိအခြားကျမ်းပိုဒ်အများဖော်ပြသကဲ့သို့ အိုးထိန်းသည် ထာဝရဘုရားကိုကိုယ်စားပြုပြီး ရွှံ့မြေသည် ဣသရေလလူမျိုးကို ကိုယ်စားပြုသည်။ ဤကျမ်းပိုဒ်က ရှင်းလင်းစွာဖော်ပြထားသည်နှင့်အမျှ၊ အိုးထိန်းသမားသည် သူ၏ရွှံ့စေးကိုပြုလုပ်သကဲ့သို့၊ ဘုရားသခင်သည် မိမိအတွက် အသင့်တော်ဆုံးဖြစ်မည့်အရာကို သူ၏လူများအပေါ်ပြုလုပ်ပိုင်ခွင့်ရှိသည်။ ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မြင်ခဲ့ရသည့်အတိုင်း၊ ဘုရားသခင်သည် သူ၏မပြောင်းလဲသောစရိုက်လက္ခဏာ၊ သူ၏ပဋိညာဉ်များ သို့မဟုတ် သူ၏ထာဝရအကြံအစည်တော်ကို မည်သည့်အခါမျှ ချိုးဖောက်မည်မဟုတ်ပါ။ သို့ရာတွင်၊ ဤကန့်သတ်ချက်များအတွင်း၊ ဘုရားသခင်သည် သူ၏လူများကို ကိုင်တွယ်ပုံနည်းလမ်းများသည် ကွဲပြားနိုင်သည်။

## အသေးစိတ်ဖော်ပြခြင်း

အိုးထိန်းသမား၏ရှုမြင်သုံးသပ်မှုနှင့် ဘုရားသခင်၏ရှင်းပြခြင်းတို့ကို စိတ်ထဲတွင်မှတ်သားထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဤဖြစ်ရပ်နှင့်ပတ်သက်၍ ဘုရားသခင်မည်ကဲ့သို့အသေးစိတ်ဖော်ပြထားသည်ကိုလေ့လာမည့်အနေအထားတွင် ရောက်ရှိနေပြီဖြစ်သည်။ တစ်နည်းဆိုရသော်၊ ဘုရားသခင်သည် ဤအိုးထိန်းသမားနှင့် ရွှံ့စေးဥပမာကို ပရောဖက်ပြုချက်ဆိုင်ရာကြိုတင်ဟောပြောမှုများနှင့် နှိုင်းယှဉ်ခဲ့သည်။ ပထမ ဘုရားသခင်သည် အခန်းငယ် ၇ နှင့် ၈ တွင်တရားစီရင်ခြင်းဆိုင်ရာ ကြိုတင်ဟောပြောမှုများကို ဖော်ပြခဲ့သည်_

> အကြင်တိုင်းနိုင်ငံကို နှုတ်ပယ်ဖြိုချဖျက်ဆီးခြင်းငှါ ငါအမိန့်တော်ရှိ၏။
> ငါ့အမိန့်တော်နှင့်ဆိုင်သော ထိုတိုင်းနိုင်ငံသည် မိမိဒုစရိုက်ကိုစွန့်ပစ်လျှင်၊
> ငါကြံစည်သောဘေးဒဏ်ကို ငါနောင်တရမည် (ယေရမိ ၁၈:၇-၈)။

အခြေအနေအပေါ် ဘုရားသခင်ဖော်ပြပုံကို သတိပြုပါ။ မည်သည့်တိုင်းနိုင်ငံကိုမဆို မည်သည့်အချိန်၌ပင်ဖြစ်စေ နောင်လာမည့်တရားစီရင်ချက်ကို ကြေညာနိုင်သည်ဟု ကိုယ်တော်မိန့်တော်မူသည်။ သို့ရာတွင်၊ နောင်တရခြင်း၌ ဝင်ရောက်လုပ်ဆောင်သော သမိုင်းဆိုင်ရာအရေးပေါ်အခြေအနေတစ်ခု ရှိပါက၊ ဘုရားသခင်သည်စိတ်လျှော့မည်ဖြစ်သည်။ ပြည့်စုံမှုသည်ကြိုတင်ဟောပြောထားသည့်အတိုင်း ဖြစ်မလာပါ။ တစ်နည်းဆိုရသော်၊ လူသား၏ရွေးချယ်မှု၏သမိုင်းဆိုင်ရာအခြေအနေသည် ဘုရားသခင်၏တရားစီရင်ခြင်းဆိုင်ရာ ပရောဖက်ပြုချက်ကို ပြည့်စုံစေသည့်နည်းလမ်းတွင် ကြီးမားသောခြားနားချက်ကို ဖြစ်ပေါ်စေသည်။

ယခု ဤသဘောတရားသည် အခြားသောကြိုတင်ဟောပြောမှုမျိုးများနှင့်လည်း သက်ဆိုင်ကြောင်းကိုပြသရန်၊ ဘုရားသခင်သည် အခန်းငယ် ၉ နှင့် ၁၀ တွင် ကောင်းချီးမင်္ဂလာများအကြောင်းကို ကြိုတင်ဟောပြောခဲ့သည်–

> အကြင်တိုင်းနိုင်ငံကို တည်ထောင်ပြုစုခြင်းငှါ ငါအမိန့်တော်ရှိ၏။
> ထိုတိုင်းနိုင်ငံသည် ငါ့စကားကို နားမထောင်၊ ငါ့မျက်မှောက်၌ ဒုစရိုက်ကိုပြုလျှင်၊
> သူ၏အကျိုးအလိုငှါ ပြုစုမည်ဟူသောစကား၌ပါသော ကျေးဇူးကို
> ငါနောင်တရမည် (ယေရမိ ၁၈:၉-၁၀)။

တူညီသောအခြေအနေကို သတိပြုပါ။ ဘုရားသခင်သည် အချိန်မရွေး၊ မည်သည့်တိုင်းနိုင်ငံကိုမဆို လုံခြုံမှုနှင့် သာယာဝပြောသည့်ကောင်းချီးမင်္ဂလာကို ကြေညာနိုင်သည်ဟု မိန့်တော်မူခဲ့သည်။

သို့ရာတွင်၊ ပုန်ကန်မှုနှင့် မနာခံမှုတည်းဟူသော သမိုင်းဆိုင်ရာကြားဝင်ဆောင်ရွက်ပေးမှုတစ်ခုရှိခဲ့ပါက၊ ရလဒ်မှာ ဘုရားသခင်သည် မိမိရည်ရွယ်ထားသည့် ကောင်းချီးပြုခြင်းမှ စိတ်လျှော့ခြင်းဖြစ်စေနိုင်သည်။

ယေရမိ ၁၈ က ကျွန်ုပ်တို့သည်ကျမ်းစာပရောဖက်ပြုချက်တိုင်းကိုကျင့်သုံးရန် အဆင်သင့်ဖြစ်ရမည့်အကြောင်း သဘောတရားတစ်ခုကိုသွန်သင်ပေးသည်။ တရားစီရင်ခြင်းဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ကောင်းချီးမင်္ဂလာပေးမှုများအပေါ် လူသားတို့၏တုံ့ပြန်ပုံအား သူသည်လွတ်လပ်စွာ တုံ့ပြန်နိုင်ကြောင်းဘုရားသခင်သည် ယေရမိအားမိန့်တော်မူခဲ့သည်။ သမ္မာကျမ်းစာပရောဖက်ပြုချက်ကို ကျွန်ုပ်တို့ လေ့လာကြည့်သောအခါ၊ ဘုရားသခင်သည် ပရောဖက်ပြုချက်ဆိုင်ရာ နှုတ်ကပတ်တော်များကို လူသားများ မည်သို့တုံ့ပြန်မည်ကိုသိနိုင်ရန် မကြာခဏကြည့်ရှုပြီး၊ ၎င်းတို့၏အနာဂတ်တွင် မည်ကဲ့သို့ပြုလုပ်ရမည်ကို ဆုံးဖြတ်ထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

# တိကျသောဥပမာများ

ယခု ကျွန်ုပ်တို့သည် ကြိုတင်ဟောပြောမှုများနှင့် အခြေအနေများဆိုင်ရာ ယေဘုယျသဘောတရားကို တွေ့မြင်ပြီးနောက်၊ ဤသဘောတရား၏ဥပမာအချို့ကို လုပ်ငန်းခွင်တွင်တွေ့မြင်ရန် ၎င်းသည် အထောက်အကူပြုပါလိမ့်မည်။ ပရောဖက်ပြုချက်များပြည့်စုံစေခြင်းကို လူသား၏ရွေးချယ်မှုအရှိန်အဟုန်က ကြီးမားစွာခြားနားသွားစေကြောင်း၊ သမ္မာကျမ်းစာတွင် မရေမတွက်နိုင်သော ခေတ်ကာလများ၏ဥပမာများရှိသည်။ ဤဖြစ်စဉ်အား အကြိမ်များစွာတွေ့ရသည့်အထဲမှ ဥပမာနှစ်ခုကိုသာ ကျွန်ုပ်တို့ ကြည့်ရှုပါမည်_ပထမ၊ ပရောဖက်ရှေမာယ၏ကြိုတင်ဟောပြောခြင်း၊ ထို့နောက် ယောန၏ကြိုတင်ဟောပြောခြင်းဖြစ်သည်။

## ရှေမာယ၏ကြိုတင်ဟောပြောခြင်း

ရှေမာယ၏ကြိုတင်ဟောပြောခြင်းကို ဦးစွာကြည့်ကြပါစို့။ ၂ ရာဇဝင်ချုပ် ၁၂:၅ တွင် ရှေမာယ၏ တရားစီရင်ခြင်းဆိုင်ရာ ကြိုတင်ဟောပြောချက်ကို ကျွန်ုပ်တို့ဖတ်ရသည်_

> ထိုအခါ ရှိရှက်မင်းကြောင့်၊ ယေရုရှလင်မြို့၌စုဝေးသော ယုဒမင်းများထံ၊ ရောဗောင်မင်းထံတော်သို့ ပရောဖက်ရှေမာယသည်လာ၍၊ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့ကိုစွန့်သောကြောင့်၊ ငါသည်သင်တို့ကို ရှိရှက်မင်းလက်သို့ အပ်လေပြီဟု အမိန့်တော်ကိုဆင့်ဆိုလျှင်၊ (၂ ရာဇဝင်ချုပ် ၁၂း၅)။

ရှေမာယသည် ဤပရောဖက်ပြုချက်အတွက် ရှင်းလင်းပြတ်သားသောအခြေအနေများ မပေးခဲ့သည်ကိုသတိပြုပါ။ ပရောဖက်များ၏ဓမ္မအမှုတော်များနှင့်မရင်းနှီးသောလူများအတွက်၊ ရှေမာယသည် ဘုရားသခင်၏ထာဝရမပြောင်းလဲသော အမိန့်တော်တစ်ရပ်ကို ဖော်ပြနေဟန်တူသည်။ သို့ရာတွင် ရောဗောင်နှင့် ယုဒခေါင်းဆောင်တို့သည် ပို၍သိကြသည်။ ဤနှုတ်ကပတ်တော်များသည် နောင်တမရ

ပါက ဘုရားသခင်လုပ်ဆောင်မည့်၊ ဘုရားသခင်ထံမှလာသောသတိပေးချက်သာဖြစ်သည်ဟု သူတို့မျှော်လင့်ခဲ့ကြသည်။ ထို့ကြောင့် ၁၂:၆ တွင်အောက်ပါနှုတ်ကပတ်တော်များကို တွေ့ရသည်–

> ရှင်ဘုရင်နှင့်ယုဒမင်းတို့က၊ ထာဝရဘုရား ဖြောင့်မတ်တော်မူသည်ဟုဆို၍၊ မိမိတို့ကို နှိမ့်ချကြ၏ (၂ရာဇဝင်ချုပ် ၁၂:၆)။

ရောဗောင်နှင့် ယုဒခေါင်းဆောင်တို့သည် တရားစီရင်ခြင်းဆိုင်ရာ ပရောဖက်ပြုချက်ကိုကြားသောအခါ လုပ်ရမည့်အရာကို သိကြသည်။ သူတို့သည် နောင်တနှင့် ယုံကြည်ခြင်းဖြင့် ဘုရားသခင်ထံအော်ဟစ်၍ ကရုဏာတော်ကို ရှာဖွေကြရမည်ဖြစ်သည်။

ဤကျမ်းပိုဒ်ကို ကျွန်ုပ်တို့ဆက်လက်ဖတ်ရှုသောအခါ၊ နှိမ့်ချသောဆုတောင်းခြင်းတည်းဟူသော သမိုင်းဆိုင်ရာကြားဝင်ဆောင်ရွက်ပေးမှုသည် ရှေမာယ၏ကြိုတင်ဟောပြောမှုပြည့်စုံခြင်းအပေါ် သိသာစွာအကျိုးသက်ရောက်ခဲ့သည်။ အမှန်တကယ်တွင်၊ ရှေမာယသည် ဤအကျိုးသက်ရောက်မှုကို အသိအမှတ်ပြုခဲ့သည်။ ယုဒခေါင်းဆောင်တို့နောင်တရပြီးနောက် သူပြောသောအရာကိုနားထောင်ပါ။ အခန်းငယ် ၇ နှင့် ၈ တွင် အောက်ပါနှုတ်ကပတ်တော်များကို တွေ့ရသည်–

> ထိုသို့နှိမ့်ချကြောင်းကို ထာဝရဘုရားမြင်လျှင်၊ နှုတ်ကပတ်တော်သည် ရှေမာယသို့ရောက်၍၊ သူတို့သည် နှိမ့်ချကြပြီ။ ထို့ကြောင့်သူတို့ကို ငါမဖျက်ဆီး၊ အနည်းငယ်သော ချမ်းသာကိုပေးမည်။ ရှိရှက်လက်ဖြင့် ယေရုရှလင်မြို့ပေါ်သို့ ငါ့အမျက်ကိုမသွန်းလောင်းရ။ သို့ရာတွင် ငါ့ထံ၌အမှုထမ်းခြင်း၊ တပါးအမျိုးသားရှင်ဘုရင်ထံ၌ အမှုထမ်းခြင်းကို ပိုင်းခြား၍သိစေခြင်ငှါ၊ ရှိရှက်မင်းထံ၌ကျွန်ခံရကြမည်ဟု မိန့်တော်မူ၏ (၂ရာဇဝင်ချုပ် ၁၂:၇-၈)။

ဤကျမ်းပိုဒ်၌ ရှေမာယ၏ဓမ္မအမှုတော်သည် ယနေ့ကာလ တရားဟောသူများနှင့်များစွာတူကြောင်း ဖော်ပြသည်။ သူသည် နောင်လာမည့်တရားစီရင်ချက်ကို လူတို့အားသတိပေးခြင်းသည် ထာဝရပျက်စီးခြင်းသို့ ရှုတ်ချရန်မဟုတ်၊ ဤသတိပေးချက်ကို လူတို့သည်ကြားနာ၍၊ နောင်တရပြီး ဘုရားသခင်၏ကျေးဇူးတော်ကို ခံယူနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် ဆုတောင်းခြင်းအပေါ်လူသား၏ တုံ့ပြန်မှုက ရှေမာယ၏ပရောဖက်ပြုချက်ပြည့်စုံစေမည့်နည်းလမ်းတွင် သိသာထင်ရှားသောခြားနားမှုဖြစ်စေသည်ကို တွေ့မြင်ရသည်။ ဤအခြေအနေတွင်၊ ရှေမာယ၏ပရောဖက်ပြုချက်သည် လုံးဝပြောင်းပြန်လှန်ပစ်ခြင်းမဟုတ်သော်လည်း၊ ယေရုရှလင်မြို့ကို တိုက်ခိုက်ခြင်းသည် ယခင်ထက်မကြီးမားစေရန် သို့မဟုတ် ပျော့ပြောင်းသည့်အသွင် ဆောင်ခဲ့သည်။

## ယောန၏ကြိုတင်ဟောပြောခြင်း

ကြိုတင်ဟောပြောမှုများအပေါ် လူသားတုံ့ပြန်သည့် ဩဇာလွှမ်းမိုးမှု၏ဒုတိယဥပမာတစ်ခုအား ယောနကျမ်းတွင်တွေ့ရသည်။ ယောန၏ဇာတ်လမ်းကိုကျွန်ုပ်တို့ရင်းနှီးသည်။ နောင်လာမည့်တရားစီရင်ချက်ကိုကြေညာရန် ဘုရားသခင်သည်ယောနအား နိနေဝေမြို့သို့စေလွှတ်ကြောင်း ကျွန်ုပ်တို့သိသည်။ ယောန ၃:၄ တွင် ယောနဤသို့ဆိုသည်–



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယောနသည် မြို့ထဲသို့ဝင်၍ တနေ့ခရီးသွားလျက်၊ အရက်လေးဆယ်လွန်သော်၊ နိနေဝေမြို့သည်ပျက်စီးခြင်းသို့ရောက်လိမ့်မည်ဟု ကြွေးကြော်လေ၏ (ယောန ၃:၄)။

ဤပရောဖက်ပြုချက်ထက် မည်သည့်အရာသည် သာ၍ရှင်းလင်းမည်နည်း။ နိနေဝေမြို့မပျက်စီးမီရက်ပေါင်းလေးဆယ်သာရှိတော့ကြောင်း ယောနကြေညာခဲ့သည်။ "အကယ်၍" "နှင့်" "သို့သော်လည်း" စသည့်စကားလုံးများ မရှိပါ။ မည်သည့်အရာဖြစ်ခဲ့သနည်း။ ကျန်အခန်းများကကျွန်ုပ်တို့ကို ဖော်ပြပါသည်။ နိနေဝေမင်းကြီးနှင့်လူများတို့သည် တိရစ္ဆာန်များနှင့်အတူ လျှော်တေအဝတ်နှင့်ပြာများကို ဝတ်ဆင်ကြပြီး သူတို့၏အပြစ်များအတွက် နောင်တရကြသည်။ ရှင်ဘုရင်သည် ၃း၇-၉ တွင်ကြေငြာခဲ့သည်မှာ_

> လူသတ္တဝါတိရစ္ဆာန်သိုးနွားတို့သည် အလျှင်းမမြည်စေနှင့်။ အစာကိုမစား၊ ရေကိုမသောက်စေနှင့်။ လူသတ္တဝါတိရစ္ဆာန်တို့သည် လျှော်တေအဝတ်ကို ဝတ်ကြစေ။ ကြိုးစား၍ဘုရားသခင်ကို ဆုတောင်းကြစေ။ အသီးအသီးတို့သည် မိမိတို့လိုက်သောအဓမ္မလမ်း၊ မိမိတို့ပြုသော အဓမ္မအမှုကို ရှောင်ကြစေ။ ငါတို့သည် ပျက်စီးခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ ဘုရားသခင်သည် ပြောင်းလဲ၍ နောင်တရသဖြင့်၊ ပြင်းစွာသောအမျက်တော်ကို ငြိမ်းစေတော်မူမည် မမူမည်ကို အဘယ်သူပြောနိုင်သနည်း (ယောန ၃း၇-၉)။

ရိုးရှင်းစွာပြောရလျှင်၊ ပရောဖက်ပြုချက်မပြည့်စုံမီ နောင်တရခြင်းတည်းဟူသော သမိုင်းဆိုင်ရာကြားဝင်ဆောင်ရွက်ပေးမှုတစ်ခု အဖြစ်တွေ့ရသည်။ လူများတို့သည် ဘုရားသခင်ရှေ့တော်၌ နောင်တရ၍ နှိမ့်ချကြသည်။ ဤသမိုင်းဆိုင်ရာအခြေအနေ၏ရလဒ်ကား အဘယ်နည်း။ ၃:၁၀ တွင်ဤနုတ်ကပတ်တော်များကို တွေ့ရသည်_

> မြို့သားတို့သည် မိမိတို့လိုက်သော အဓမ္မလမ်းကိုလွှဲရှောင်၍၊
> ကျင့်သောအကျင့်များကို ဘုရားသခင်သည်မြင်လျှင်၊
> အရင်ခြိမ်းသောဘေးဒဏ်ကို မပေးဘဲနေတော်မူ၏ (ယောန ၃:၁၀)။

ယောန၏ကြိုတင်ဟောပြောခြင်းပြည့်စုံမှုအပေါ် နိနေဝေမြို့၏နောင်တရခြင်းသည် ကြီးမားစွာလွှမ်းမိုးခဲ့သည်။ နောက်ပိုင်းတွင် သူသည် ၄:၂ ၌ဘုရားသခင်အား ဤသို့တိုင်ကြားခဲ့သည်_

> ကိုယ်တော်သည် သနားစုံမက်တတ်သောဘုရားဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကို နောင်တရတတ်သော သဘောရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ၏ (ယောန ၄:၂)။

သူ၏ကြိုတင်ဟောပြောသည့်အတိုင်း၊ ဘုရားသခင်သည် မြို့ကိုဖျက်ဆီးမည်မဟုတ်ကြောင်း ယောနသိခဲ့သည်။ အမှန်တကယ်တွင်၊ နိနေဝေမြို့ကို ဗာဗုလုန်တို့၏ဖျက်ဆီးခြင်းသည် နှစ်ပေါင်းတစ်ရာ ကျော်ကြာတိုင်အောင် မဖြစ်ခဲ့ပါ။

ယေရမိ ၁၈ ၏ယေဘူယျသဘောတရားနှင့် ဤတိကျသောဥပမာနှစ်ခုမှ၊ လူသား၏ရွေးချယ်မှု အခြေအနေသည် ပရောဖက်ပြုချက်များ ပြည့်စုံလာသည့်နည်းလမ်းများတွင် အကြိမ်များစွာလွှမ်းမိုးခဲ့ သည်ကိုတွေ့ရသည်။ တစ်ခါတစ်ရံဘုရားသခင်သည် တရားစီရင်ခြင်း သို့မဟုတ် ကောင်းချီးမင်္ဂလာကို ပြောင်းပြန်လှန်ပစ်ခဲ့သည်။ တစ်ခါတစ်ရံကိုယ်တော်သည် ကောင်းချီးမင်္ဂလာကိုပျော့ပျောင်းစေသည် သို့မဟုတ် တရားစီရင်ခြင်းကိုလျော့နည်းစေသည်။ တစ်ခါတစ်ရံပရောဖက်ပြုချက်ဆိုင်ရာနှုတ်ကပတ် တော်အပေါ် လူသားများ၏တုံ့ပြန်ပုံပေါ် မူတည်၍ကိုယ်တော်သည် တရားစီရင်ခြင်းများ သို့မဟုတ် ကောင်းချီးမင်္ဂလာများကို တိုးမြှင့်ပေးသည်။

သမိုင်းဆိုင်ရာအခြေအနေများကို ကြားဝင်ဆောင်ရွက်ခြင်းသည် ကြိုတင်ဟောပြောမှုများ၏ ပြည့်စုံမှုအပေါ် လွှမ်းမိုးနိုင်သည်ကိုသိမြင်ပြီးနောက်၊ ယခုကျွန်ုပ်တို့သည်နောက်အကြောင်းအရာကို လေ့လာကြမည်။ ဓမ္မဟောင်းယုံကြည်သူများသည် ကြိုတင်ဟောပြောခြင်းတစ်ခုကို ကြားရသောအခါ မည်သည့်တိကျသေချာမှု သို့မဟုတ် ယုံကြည်စိတ်ချမှု ရှိကြသနည်း။ ပရောဖက်များ၏ကြိုတင်ဟော ပြောမှုများနှင့်ပတ်သက်၍ ဘုရားသခင်သည် ဖြည့်ဆည်းပေးမည်ကို သူတို့မည်မျှယုံကြည်ကြသနည်း။

# ကြိုတင်ဟောပြောမှုများ၏ တိကျသေချာခြင်း

ဤမေးခွန်းကိုဖြေဆိုရန် ဓမ္မဟောင်းပရောဖက်ပြုချက်တွင်တွေ့ရှိရသည့် ကြိုတင်ဟောပြောမှု အမျိုးအစားများကို ပြန်လည်သုံးသပ်ရန်လိုသည်။ ယခင်သင်ခန်းစာများတွင်တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ဓမ္မဟောင်းကြိုတင်ဟောပြောမှုများနှင့်အတူ ကျွန်ုပ်တို့တင်ပြနိုင်သည့် သဘောတူညီမှုတစ်ခုမှာ ကောင်းချီးမင်္ဂလာပဋိညာဉ်များနှင့် တရားစီရင်ခြင်းပဋိညာဉ်များကြား ကွဲပြားခြားနားခြင်းဖြစ်သည်။ ပရောဖက်ပြုချက်ဆိုင်ရာကြိုတင်ဟောပြောမှုများကို ဘုရားသခင်၏ကောင်းချီးမင်္ဂလာများအား သဘာဝတရားနှင့်စစ်ပွဲတွင်ကြေညာခြင်းနှင့် ကိုယ်တော်၏တရားစီရင်ခြင်းများအား သဘာဝတရားနှင့် စစ်ပွဲများတွင်ကြေညာခြင်းဟူ၍ ခွဲခြားသတ်မှတ်နိုင်သည်။ ယခင်သင်ခန်းစာများတွင်လည်း အစုအဖွဲ့ ဆိုင်ရာသဘောတူညီမှုအချို့ကို ကျွန်ုပ်တို့တွေ့ခဲ့ပြီးဖြစ်သည်။ ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟော ပြောမှုများအားလုံးသည် ပိုကြီးမားသော၊ လျော့နည်းသော စီရင်ချက်များနှင့် ကောင်းချီးမင်္ဂလာများကြား တွင် ကျရောက်လျက်ရှိသည်။ လျော့နည်းသောကောင်းချီးမင်္ဂလာများနှင့် တရားစီရင်ချက်များစွာကို ပရောဖက်များကြေညာခဲ့ကြသည်ကို သင်မှတ်မိပေလိမ့်မည်၊ သို့သော် အကြီးမားဆုံးသောစီရင်ချက်မှာ ကျွန်ခံရမည့်ခြိမ်းခြောက်မှုဖြစ်ပြီး အကြီးမားဆုံးသောကောင်းချီးမင်္ဂလာမှာ ကျွန်ခံရပြီးနောက် ပြန်လည် ထူထောင်ခြင်းပင်ဖြစ်သည်။ ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုများနှင့်စပ်လျဉ်းသည့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအခြေခံချဉ်းကပ်နည်းသည် ပရောဖက်များငင်းတို့၏မူလပရိသတ်များထံပေးခဲ့သည့် အခြေခံသတင်းစကားကိုကြည့်ရန် အထောက်အကူပြုသည်။

သို့သော်ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောသည့် အစုအဖွဲ့တွင် တတိယရှုထောင့်ကို ထပ်မံဖြည့်စွက်ရန်လိုသည်။ ဓမ္မဟောင်းပရောဖက်များသည် ၎င်းတို့၏တရားနာသူများအား ကြီးမားသော သို့မဟုတ် နည်းပါးသောကောင်းချီးမင်္ဂလာများနှင့် တရားစီရင်မှုများအကြောင်း ပြောပြရုံသာမက၊ ၎င်းတို့သည် ဤတရားစီရင်ခြင်းများကိုလုပ်ဆောင်ရန် ဘုရားသခင်၏သန္နိဋ္ဌာန်အဆင့်ကိုလည်း တစ်နည်းမဟုတ်တစ်နည်း ညွှန်ပြခဲ့သည်။ အစွန်းတစ်ဖက်တွင်၊ ပရောဖက်များသည်တရားနာသူများအား ဘုရားသခင်သည် အထူးအခြေအနေတစ်ရပ်အားဖြင့် လုပ်ဆောင်ရန် သန္နိဋ္ဌာန်အလွန်နည်းပါးကြောင်းဖော်ပြသည်။ အခြားတစ်ဖက်တွင်၊ ၎င်းတို့သည် ကြိုတင်ဟောပြောမှုများအတိုင်းလုပ်ဆောင်ရန် ဘုရားသခင်သည် အလွန်စိတ်ပိုင်းဖြတ်ထားကြောင်း ဖော်ပြသည်။ ပရောဖက်များအနေဖြင့် ဘုရားသခင်သည် ပရောဖက်ပြုချက်တစ်ခုဆောင်ရွက်ရန် မြင့်မားသော သို့မဟုတ် နည်းပါးသောသန္နိဋ္ဌာန်ရှိကြောင်း ပြောဆိုသောအခါ၊ ၎င်းတို့သည် လူသားအသုံးအနှုန်းဖြင့် ကိုယ်တော်ကို ပြောဆိုနေကြသည်ကိုသတိပြုရန် အလွန်အရေးကြီးပါသည်။ ဘုရားသခင်၏ထာဝရ၊ မပြောင်းလဲသောအကြံအစည်တော် စသည့်အသုံးအနှုန်းအရ၊ ဘုရားသခင်သည် သူအလိုရှိသမျှကို အမြဲတမ်း ပြီးမြောက်စေမည်ဖြစ်သည်။ သို့သော် ဘုရားသခင်သည်လူသားများနှင့် ဆက်ဆံပြီး သူ၏အကြံအစည်ကို ပြည့်စုံစွာအကောင်အထည်ဖော်သောအခါတွင်၊ တစ်ခါတစ်ရံတွင် သူ၏သန္နိဋ္ဌာန်သည် အလွန်မြင့်မားကြောင်း ထုတ်ဖော်ပြသခဲ့ပြီး အခြားအချိန်များတွင် သူ၏သန္နိဋ္ဌာန်သည် အလွန်နည်းပါးကြောင်း ထုတ်ဖော်ခဲ့သည်။

# အခြေအနေဆိုင်ရာ ကြိုတင်ဟောပြောမှုများ

ဓမ္မဟောင်းကြိုတင်ဟောပြောမှုများ၏ရှုထောင့်ကိုချဉ်းကပ်ရန် နည်းလမ်းများစွာရှိသော်လည်း ဘုရားသခင်၏သန္နိဋ္ဌာန်တစ်လျှောက် မတူညီသောအချက်လေးချက်ကို ကျွန်ုပ်တို့ ညွှန်ပြပါမည်။ ပထမ၊ ပရောဖက်များက ဘုရားသခင်သည်သမိုင်းကို ဦးတည်ချက်တစ်ခု သို့မဟုတ် အခြားတစ်ခုသို့လုပ်ဆောင်ရန် ကတိပြုခြင်းမရှိခဲ့ကြောင်းဖော်ပြသည့် ကြိုတင်ဟောပြောမှုများစွာကို ဟောပြောခဲ့ကြသည်။ သူတို့သည်ဤအရာကို ရှင်းလင်းပြတ်သားသောအခြေအနေများနှင့်အတူ သူတို့၏ကြိုတင်ဟောပြောမှုများကို အရည်အချင်းပြည့်မီအောင် ပြုလုပ်ခဲ့သည်။ ဓမ္မဟောင်းအနာဂတ္တိကျမ်းများတွင် "လျှင်...ထိုအခါ" ဖော်ပြချက်ပုံစံဖြင့် ရှင်းလင်းပြတ်သားသောအခြေအနေများ မကြာခဏတွေ့ရသည်။ ဥပမာ၊ ဟေရှာယ ၁:၁၉-၂၀ တွင်အခြေအနေဆိုင်ရာ အောက်ပါကြိုတင်ဟောပြောမှုကို ကျွန်ုပ်တို့ဖတ်ရသည်_

> သင်တို့သည် ကြည်ညိုနားထောင်လျှင်၊ မြေအသီးအနှံကို စားရကြလိမ့်မည်။
> သို့မဟုတ်လျှင်၊ ငြင်းဆန်ပုန်ကန်လျှင် ထားလက်နက်ဖြင့် ဆုံးရလိမ့်မည်ဟု၊
> ထာဝရဘုရား၏နှုတ်တော်ထွက်အမိန့်တော်ရှိ၏ (ဟေရှာယ ၁:၁၉-၂၀)။

ဤကျမ်းပိုဒ်တွင်၊ ပရောဖက်ဟေရှာယသည် ဘုရားသခင်၏လူများသည် ရွေးချယ်ခွင့်ရှိကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ သူတို့သည် ဘုရားသခင်ထံ မိမိကိုယ်ကိုဆက်ကပ်အပ်နှံပါက ကောင်းချီး မင်္ဂလာခံရမည်ဖြစ်ပြီး၊ မလိုက်နာပါက တရားစီရင်ခြင်းခံရမည်ဖြစ်သည်။ ပရောဖက်များက ဘုရားသခင်သည် သမိုင်းအတိုင်းလုပ်ဆောင်မည့်လမ်းကြောင်းကို ဖွင့်ထားဆဲဖြစ်ကြောင်းနှင့် ၎င်းဦးတည်ချက်ကို သူတို့ရွေးချယ်မှုအမျိုးအစားများဖြင့် ဆုံးဖြတ်မည်ဖြစ်ကြောင်း ဤအခြေအနေမျိုးများကို လူတို့သိစေရန် မကြာခဏဖော်ပြသည်။

# ကန့်သတ်ချက်မပါသော ကြိုတင်ဟောပြောမှုများ

သန္နိဋ္ဌာန်၏သဘောတူညီမှုတစ်လျှောက်ဒုတိယအချက်သည် ကန့်သတ်ချက်မပါသော ကြိုတင်ဟောပြောမှုများတွင် တွေ့ရသည်။ ဤစာပိုဒ်များသည် အနာဂတ်နှင့်ပတ်သက်သော ရိုးရှင်းသောဖော်ပြချက်များဖြစ်သည်။ ၎င်းတို့တွင် ရှင်းလင်းပြတ်သားသောအခြေအနေများ မရှိပါ။ ထိုသို့သောအခြေအနေမျိုးတွင်၊ ယခုအချိန်ဘုရားသခင်သည် အနာဂတ်ကို သီးခြားဦးတည်ချက်တစ်ခုသို့ ပို့ဆောင်ရန် ပို၍စိတ်ပိုင်းဖြတ်ထားကြောင်း ပရောဖက်များထုတ်ဖော်ခဲ့သည်။ သို့သော် ဤကြိုတင်ဟောပြောမှုများ၏ရလဒ်များမှ မြင့်မားသောလူတို့၏တုံ့ပြန်မှုသည် အဖြစ်အပျက်များကို ကွဲပြားသောလမ်းကြောင်းသို့ ပြောင်းသွားစေနိုင်ကြောင်း ကျွန်ုပ်တို့သိပါသည်။ ဤကဲ့သို့သော ကြိုတင်ဟောပြောမှု ဥပမာတစ်ခုကို ကျွန်ုပ်တို့ မြင်ပြီးဖြစ်သည်။ ယောန ၃:၄တွင် ပရောဖက်သည် အောက်ပါနုတ်ကပတ်တော်များကို မိန့်ဆိုခဲ့သည်_

> ယောနသည် မြို့ထဲသို့ဝင်၍ တနေ့ခရီးသွားလျက်၊ အရက်လေးဆယ်လွန်သော်၊ နိနေဝေမြို့သည်ပျက်စီးခြင်းသို့ရောက်လိမ့်မည်ဟု ကြွေးကြော်လေ၏ (ယောန ၃:၄)။

ဤပရောဖက်ပြုချက်တွင် ရှင်းလင်းပြတ်သားသောအခြေအနေများကို ဖော်ပြထားခြင်းမရှိပါ၊ သို့သော်ဘုရားသခင်သည် မြို့ကိုဖျက်ဆီးရန်ဆုံးဖြတ်ထားကြောင်း ပရောဖက်ယောနသည် ရှင်းလင်းစွာ ဖော်ပြသည်။ သို့တိုင်၊ နိနေဝေမြို့အတွင်း သိသာထင်ရှားပြီး နေရာအနှံ့နောင်တရခြင်းကြောင့် ဘုရားသခင်သည် ထိုမြို့အပေါ် သူ၏တရားစီရင်ခြင်းကို နှောင့်နှေးစေခဲ့သည်။

ကောင်းချီးမင်္ဂလာပဋိညာဉ်များသည်လည်း ကန့်သတ်ချက်မပါသော ကြိုတင်ဟောပြောမှုပုံစံဖြင့် တွေ့ရသည်။ ဟဂ္ဂဲ ၂:၂၁-၂၃ တွင် ဇေရုဗဗေလအား ဟဂ္ဂဲပြောသည်ကို နားထောင်ပါ_

> သင်သည် ယုဒမြို့ဝန်၊ ဇေရုဗဗေလကိုဆင့်ဆိုရမည်မှာ၊ ငါသည် ကောင်းကင်နှင့် မြေကြီးကိုလှုပ်မည်။ တိုင်းနိုင်ငံတို့၏ရာဇပလ္လင်များကို မှောက်လှန်၍…
> ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊
> အိုရှာလသေလသား၊ ငါ့ကျွန်ဇေရုဗဗေလ၊ ထိုအခါ သင့်ကိုငါယူ၍
> တံဆိပ်လက်စွပ်ကဲ့သို့ ခန့်ထားမည်ဟု၊ ထာဝရဘုရား မိန့်တော်မူ၏။
> သင့်ကိုငါရွေး ချယ်ပြီဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏
> (ဟဂ္ဂဲ ၂:၂၁-၂၃)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် ဣသရေလလူမျိုးများကိုဝန်းရံထားသောလူမျိုးများကို ဖျက်ဆီးရန်နှင့် ဇေရုဗဗေလအား မိမိ၏လူတို့ကို အုပ်စိုးသောအရှင်အဖြစ် ခန့်အပ်ရန် အသင့်ရှိကြောင်း အလွန်ထင်ရှားသည်။

ရှင်းလင်းပြတ်သားသောအခြေအနေများ မရှိသော်လည်း၊ ၎င်းသည် ဖြစ်မလာသေးသည်ကို ကျွန်ုပ်တို့သိပါသည်။ ဇေရုဗဗေလသည် ဘုရားသခင့်လူမျိုးအပေါ် မည်သည့်အခါမှ ဘုရင်ဖြစ်မလာဘဲ၊ ဣသရေလလူမျိုးကိုဝန်းရံထားသောလူမျိုးများသည်လည်း မပျက်စီးခဲ့ပါ။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်ခံရပြီးနောက်ဣသရေလလူမျိုးသည် ဘုရားသခင်ကိုနာခံရန် ပျက်ကွက်ခဲ့ပြီး၊ ဤလူသား၏အခြေအနေသည် ပရောဖက်ပြုချက် ပြည့်စုံလာမှုအပေါ် သက်ရောက်မှုရှိသောကြောင့်ဖြစ်သည်။

# ကြိုတင်ဟောပြောမှုများ အတည်ပြုခြင်း

အချို့သောကြိုတင်ဟောပြောမှုများသည် ဖြစ်နိုင်ခြေများစွာအတွက် ဘုရားသခင်အားကိုယ်စားပြုသော်လည်း၊ ဓမ္မဟောင်းပရောဖက်များက ဘုရားသခင်သည် ဖြစ်ရပ်များကို ဦးတည်ချက်ယူရန် မြင့်မားသောသန္နိဋ္ဌာန်ရှိကြောင်း တစ်ခါတစ်ရံတွင် ဖော်ပြခဲ့ကြသည်။ အချို့သောကြိုတင်ဟောပြောမှုများကို ဘုရားသခင်အတည်ပြုကြောင်းဖော်ပြခြင်းဖြင့် ၎င်းတို့သည် ဘုရားသခင်၏မြင့်မားသောသန္နိဋ္ဌာန်ကို သိစေခဲ့ကြသည်။ ဓမ္မဟောင်းပရောဖက်များသည် ၎င်းတို့၏ကြိုတင်ဟောပြောမှုများကို အတည်ပြုသည့်အဓိကနည်းလမ်းနှစ်ခုရှိသည်။ ပထမ ဘုရားသခင်သည် သူ၏မြင့်မားသောသန္နိဋ္ဌာန်ကို နှုတ်ကပတ်တော်များဖြင့် ညွှန်ပြခဲ့သည်။ ဒုတိယ သူ၏ရည်ရွယ်ချက်များကို နိမိတ်လက္ခဏာများနှင့်ပြသခဲ့သည်။ ဘုရားသခင်သည် မိမိလူမျိုးအား နှုတ်ဖြင့်ပေးသောအတည်ပြုချက်များကို ဦးစွာကြည့်ကြပါစို့။

## နှုတ်ကပတ်တော်

အာမုတ်အနာဂတ္တိကျမ်း၏ပထမအခန်းတွင် နှုတ်ဖြင့်အတည်ပြုခြင်း၏အကောင်းဆုံးဥပမာ တစ်ခုကို တွေ့ရသည်။ ၁:၃ တွင်ပရောဖက်အာမုတ်ပြောသည်ကိုနားထောင်ပါ_

> ဒမာသက်မြို့သည် ဂိလဒ်ပြည်ကို စပါးနယ်ရာသံယန္တရားစက်တို့နှင့်
> ကြိတ်နယ်သောအပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည်
> ဒဏ်မပေးဘဲမနေ (အာမုတ် ၁:၃)။

"ငါသည်ဒဏ်မပေးဘဲမနေ" ဟူသောနှုတ်ကပတ်တော်များသည် ဤအခန်း၏ ထပ်ခါတလဲလဲ ကြိုတင်ဟောပြောမှုများ၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ ဘုရားသခင်သည် မည်သည့်အတွက်ကြောင့် ဤဝါကျကို ထပ်ခါတလဲလဲပြောခဲ့သနည်း။ ဤစီရင်ချက်များကိုလုပ်ဆောင်ရန် သူ့ထံ၌မြင့်မားသည့် သန္နိဋ္ဌာန်ရှိကြောင်းကို သိစေချင်ခဲ့သည်။ ဤအတည်ပြုချက်သည် ဘုရားသခင်၏တရားစီရင်ခြင်းကို ရှောင်လွှဲရန်နည်းလမ်းမရှိဟု ဆိုလိုသလော။ စစ်မှန်သည့်နောင်တသည် ဘုရားသခင်၏အမျက်ဒေါသကို

တားဆီးနိုင်ဆဲဖြစ်ကြောင်း ပရောဖက်သည်ရှင်းလင်းစွာဖော်ပြသည်။ အာမုတ် ၅:၄ နှင့် ၆ တွင်ထာဝရဘုရားမိန့်တော်မူသည်များကိုနားထောင်ပါ_

> ထာဝရဘုရားသည် ဣသရေလအမျိုးအား မိန့်တော်မူသည်ကား၊ ငါ့ကိုရှာကြလော့။ ရှာလျှင်အသက် ချမ်းသာရကြလိမ့်မည်။ ထာဝရဘုရားကို ရှာကြလော့။ ရှာလျှင် အသက်ချမ်းသာရကြလိမ့်မည်။ သို့မဟုတ်လျှင်၊ ယောသပ်အမျိုးအပေါ်မှာ မီးကဲ့သို့တက်၍၊ အဘယ်သူမျှမငြိမ်းနိုင်အောင် ဣသရေလအမျိုးကို လောင်စေတော်မူမည် (အာမုတ် ၅:၄၊ ၆)။

အာမုတ်အနာဂတ္တိကျမ်းအခန်းကြီး ၁ နှင့် ၂ တွင်ဘုရားသခင်သည် သူ၏အမျက်ဒေါသအား ဣသရေလလူမျိုးထံသို့စေလွှတ်ရန် အလွန်စိတ်ပိုင်းဖြတ်ထားကြောင်းဖော်ပြသည်၊ သို့သော် ဤကျမ်းပိုဒ်က စစ်မှန်ပြီးကျယ်ပြန့်သောနောင်တသည် ဘုရားသခင်၏အမျက်တော်အပေါ် သက်ရောက်မှုရှိနေဆဲဖြစ်ကြောင်း ဖော်ပြသည်။ ဓမ္မဟောင်းအနာဂတ္တိကျမ်းပိုဒ်များစွာသည် ဤကဲ့သို့ဖြစ်သည်။ ဘုရားသခင်သည်နုတ်ကပတ်တော်များအသုံးပြုခြင်းဖြင့် သူ၏သန္နိဋ္ဌာန်ကိုအတည်ပြုရန် မည်မျှစိတ်ပိုင်းဖြတ်ထားကြောင်း ပရောဖက်များဖော်ပြကြသည်။ သူတို့သည် တရားနာသူများအား ဘုရားသခင်ကို စိတ်အားထက်သန်စွာရှာဖွေရန်နှင့် စစ်မှန်သည့်နောင်တရရန် လှုံ့ဆော်ရန်အတွက် ၎င်းကိုပြုလုပ်ခဲ့ကြသည်။

## နိမိတ်လက္ခဏာများ

ပရောဖက်များသည် ဘုရားသခင်၏မြင့်မားသောသန္နိဋ္ဌာန်ကို နှုတ်ဖြင့်အတည်ပြုရုံသာမက၊ ၎င်းတို့၏ကြိုတင်ဟောပြောမှုများကို နိမိတ်လက္ခဏာများနှင့် ပေါင်းစပ်ခြင်းဖြင့် ဘုရားသခင်၏မြင့်မားသောရည်ရွယ်ချက်ကိုလည်း ထုတ်ဖော်ပြသခဲ့ကြသည်။ ဓမ္မဟောင်းကျမ်းတစ်လျှောက်လုံးတွင်၊ အချို့သောအရာများကိုလုပ်ဆောင်ရန် ဘုရားသခင်ထံ၌ အလွန်မြင့်မားသောသန္နိဋ္ဌာန်ရှိကြောင်းထင်ရှားစေရန် ပရောဖက်များသည် အမျိုးမျိုးသောနိမိတ်လက္ခဏာများနှင့် ပုံဆောင်ချက်များကို လုပ်ဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ပရောဖက်ပြုချက်တစ်ခုတွင် နိမိတ်လက္ခဏာပါလာသောအခါ၊ ၎င်းသည် ပရောဖက်၏ကြိုတင်ဟောပြောသည့်အရာကို ဘုရားသခင်သည်လုပ်ဆောင်ရန် အလွန်စိတ်ပိုင်းဖြတ်ထားကြောင်း ဖော်ပြခြင်းဖြစ်သည်။

ဤအလေ့အထ၏အလွန်ရှင်းလင်းသောဥပမာတစ်ခုကို ဟေရှာယ ၇ တွင်တွေ့ရသည်။ ရှုရိလူများနှင့် ဣသရေလလူတို့သည် ကိုယ်တော်ကိုရန်ပြုသော်လည်း၊ အာခတ်အနေဖြင့်ဘုရားသခင်ကို ကိုးစားသင့်သည်ဟု ဟေရှာယသတိပေးခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ သို့ရာတွင် အာခတ်သည် ငြင်းပယ်သောကြောင့် ဘုရားသခင်သည်သူ့အား ဟေရှာယ ၇:၁၁ တွင်မိန့်တော်မူခဲ့သည်မှာ_

> နက်သောအရပ်၌ဖြစ်စေ၊ မြင့်သောအထက်အရပ်၌ဖြစ်စေ၊ တောင်းပန်လော့ဟု အာခတ်မင်းကိုမိန့်တော်မူလျှင်၊ (ဟေရှာယ ၇:၁၁)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည်ဘုရင်အား စောင့်ရှောက်လိမ့်မည်ဟု ဟေရှာယအတည်ပြုပေးခဲ့သော်လည်း၊ အာခတ်သည် လျှို့ဝှက်သောအားဖြင့်ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် ကယ်တင်ခြင်း၏ နိမိတ်လက္ခဏာအစား၊ အပြစ်စီရင်ခြင်း၏နိမိတ်လက္ခဏာကို ပေးခဲ့သည်။

ထို့ကြောင့် ပရောဖက်များသည် အခြေအနေဆိုင်ရာ ကြိုတင်ဟောပြောမှုများနှင့် ကန့်သတ်ချက် မပါသော ကြိုတင်ဟောပြောမှုများကို ပေးရုံသာမက၊ ဘုရားသခင်သည် တိကျသောဦးတည်ချက်ကို လုပ်ဆောင်ရန် မြင့်မားသောသန္နိဋ္ဌာန်ရှိကြောင်း ဖော်ပြရန်အတွက် ၎င်းတို့၏ပရောဖက်ပြုချက်အများ အပြားကို နုတ်ကပတ်တော်များနှင့် နိမိတ်လက္ခဏာများဖြင့်လည်း အတည်ပြုခဲ့သည်ကို တွေ့မြင်ရပါ သည်။

## ကျမ်းသစ္စာကျိန်ဆို ကြိုတင်ဟောပြောမှုများ

ကြိုတင်ဟောပြောမှုဆိုင်ရာ စတုတ္ထအမျိုးအစားသည် ပရောဖက်များအားဖြင့်ပြောခဲ့သောအရာ ကိုလုပ်ဆောင်ရန် ဘုရားသခင်သည် အပြည့်အဝဆုံးဖြတ်ထားကြောင်း သေချာသောဝေါဟာရများဖြင့် ဖော်ပြသည်။ ဤကြိုတင်ဟောပြောမှုများသည် ဘုရားသခင်၏ကျိန်ဆိုမှုပုံစံဖြစ်သည်။

ပရောဖက်များ၏နုတ်ကပတ်တော်များသည် တစ်စုံတစ်ခုကိုလုပ်ဆောင်ရန် ဘုရားသခင်သည် ကျိန်ဆိုထားကြောင်း ရိုးရှင်းစွာကြေညာလေ့ရှိသည်။ ဥပမာအားဖြင့်၊ အာမုတ် ၄:၂ တွင် ရှမာရိမြို့မှ ချမ်းသာသောအမျိုးသမီးများကို ရန်သူများဖမ်းဆီးသွားမည်ဖြစ်ကြောင်း ဘုရားသခင်ကျိန်ဆိုခဲ့သည်။ ပရောဖက် မိန့်တော်မူသည်ကို နားထောင်ပါ_

> အရှင်ထာဝရဘုရားသည် မိမိသန့်ရှင်းခြင်းပါရမီတော်ကိုတိုင်တည်၍ ကျိန်ဆိုတော်မူသည်အတိုင်း၊ သင်တို့ကိုငါးမျှားနှင့်၎င်း၊ သင်တို့သားမြေး တို့ကိုပိုက်ကွန်နှင့်၎င်း ဘမ်းဆီးယူသွားရသောကာလရောက်လိမ့်မည် (အာမုတ် ၄:၂)။

ယေဇကျေလ ၅:၁၁ တွင် နောက်ထပ်ကျိန်ဆိုခြင်းပုံစံကို တွေ့ရသည်။ ထိုနေရာတွင် ဤစကား လုံးများကို ကျွန်ုပ်တို့ဖတ်ရပါသည်။

> ထိုကြောင့်၊ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည် အတိုင်း၊ စက်ဆုပ်ရွံရှာဘွယ်သော အမှုအရာအပေါင်းတို့နှင့် ငါ၏သန့်ရှင်းရာဌာနကို သင်သည်ညစ်ညူးစေသောကြောင့်၊ ငါသည် လည်း သင့်ကိုမနှမြော၊ မစုံမက်ဘဲမျက်နှာလွှဲမည် (ယေဇကျေလ ၅:၁၁)။

ဘုရားသခင်သည် ပရောဖက်ပြုချက်ဆိုင်ရာကြိုတင်ဟောပြောမှုတွင် ကျိန်ဆိုမှုကိုပေါင်းထည့် သောအခါ၊ ၎င်းကြိုတင်ဟောပြောမှုသည် ပဋိညာဉ်ဆိုင်ရာတိကျသေချာမှုအဆင့် ဖြစ်လာသည်။ ဘုရားသခင်သည် မိမိပြောသမျှကို ကျေပွန်အောင်လုပ်ဆောင်မည်ဟု ပဋိညာဉ်၌ကျိန်ဆိုခဲ့သည်။ ပရောဖက်များသည် ကြိုတင်ဟောပြောမှုတွင် ဘုရားသခင်၏ကျိန်ဆိုခြင်းကို ပေါင်းထည့်သောအခါ၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် မိမိမိန့်တော်မူခဲ့သည့်အတိုင်း လုပ်ဆောင်ရန် လုံးဝစိတ်ပိုင်းဖြတ်ထားကြောင်း ၎င်းသည်ဖော်ပြသည်။

ယခု၊ ဘုရားသခင်သည် ကန့်သတ်ချက်ရှိ ကြိုတင်ဟောပြောမှုများကို ကျိန်ဆိုချက်များဖြင့် လုပ်ဆောင်ရန် လုံးဝစိတ်ပိုင်းဖြတ်ထားသည်မှာ မှန်သော်လည်း၊ ဘုရားသခင်အတွက် သမိုင်းဆိုင်ရာ အခြေအနေများကို ကြားဝင်ဆောင်ရွက်ပေးရန် အချို့သောနည်းလမ်းများရှိနေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။ ဟန်ချက်ညီမှုတွင် "မည်သည့်အချိန်နည်း" ဟူသောမေးခွန်းသည် မကြာခဏဆိုသလို ကျန်ရှိနေပါသည်။ ကြိုတင်ဟောပြောမှုကို ကြားရသူများ၏တုံ့ပြန်မှုများက အချိန်အခါကို လွှမ်းမိုးနိုင်ပါသည်။ ဒုတိယ ကြိုတင်ဟောပြောမှုကို မည်သူတွေ့ကြုံခံစားရမည်ဟူသည့်ကိစ္စသည် လိုက်လျောညီထွေအကြောင်းအရာတစ်ခုအဖြစ် ရှိနေသည်။ တတိယ ကြိုတင်ဟောပြောမှုတစ်ခုဖြစ်ပေါ်လာမည့် နည်းလမ်းကို အတိအကျမဖော်ပြထားပါ။ စတုတ္ထအချက်မှာ ကြိုတင်ဟောပြောမှုသည် မည်သည့် အတိုင်းအတာအထိ ပြည့်စုံလာမည်နည်း ဟူသည့်မေးခွန်းကိုအစဉ်မေးလေ့ရှိသည်။

အာမုတ် ၆:၈ တွင်တွေ့ရသောကျိန်ဆိုချက်ကို သုံးသပ်ကြည့်ပါ–

> အရှင်ထာဝရဘုရားသည် ကိုယ်ကိုတိုင်တည်၍ ကျိန်ဆိုတော်မူသည်အတိုင်း၊ ယာကုပ်၏မာနကိုငါရွံရှာ၍ သူ၏ဘုံဗိမာန်တို့ကိုမုန်းသောကြောင့်၊ မြို့တော်နှင့် မြို့၌ရှိသမျှကို ငါစွန့်ပစ်မည် (အာမုတ် ၆:၈)။

အစောပိုင်းတွင် အာမုတ်သည်သူ၏ကျမ်းတွင် လွတ်မြောက်နိုင်ခြေကို ချန်ထားခဲ့သော်လည်း၊ ဤအချက်တွင် အာမုတ်သည် ရှမာရိကိုဖျက်ဆီးရန် အပြည့်အဝရှုတ်ချကြောင်း ထင်ရှားပါသည်။ သို့သော် ဤကျိန်ဆိုခြင်းသည် မည်သည့်အချိန်နည်းဟူ၍ မေးလေ့ရှိသည့်မေးခွန်းများကို ဖြေကြားခြင်း မပြုကြောင်းလည်း ထင်ရှားပါသည်။ ဤဖျက်ဆီးမှုသည် မကြာမီဖြစ်မည်လော သို့မဟုတ် ရွှေ့ဆိုင်းမည်လော။ မည်သူသေမည်၊ မည်သူကျွန်ခံရမည်၊ မည်သူသည် လွတ်မြောက်မည်ကို အတိအကျဖော်ပြထားဆဲဖြစ်ပြီး၊ ဘုရားသခင်သည် မည်သည့်နည်းလမ်းနှင့်ဖျက်ဆီးမည်ဆိုသည်မှာ အတိအကျဖော်ပြထားခြင်းမရှိပါ။ အမှန်တကယ်တွင်၊ ဤဖျက်ဆီးမှုသည် မည်သည့်အတိုင်းအတာအထိ ဖြစ်လာနိုင်သည်ကို လည်း ဖော်ပြထားပါသည်။ ဣသရေလလူမျိုး၏တုံ့ပြန်မှုများအရ ဤမေးခွန်းများကို ဖြေရန်ကျန်နေသေးသည်။ သူတို့၏ဆုတောင်းခြင်းနှင့် နောင်တ၊ သူတို့၏ပုန်ကန်မှုနှင့် ငြင်းဆန်မှုတို့သည် ဤကြိုတင်ဟောပြောမှုပြည့်စုံခြင်းတွင် ကြီးမားသောကွဲပြားမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ဘုရားသခင်၏ကောင်းချီးမင်္ဂလာများဆိုင်ရာကျိန်ဆိုခြင်းအတွက် အလားတူအခြေအနေမျိုးရှိသည်။ ဥပမာ၊ ဟေရှာယ ၆၂:၈ တွင် ကျွန်ခံရာမှပြည်တော်သို့ပြန်လာသူတို့အား အောက်ပါကျိန်ဆိုချက်ပြုသည်ကို ကျွန်ုပ်တို့ဖတ်ရသည်–

> ထာဝရဘုရားသည် တန်ခိုးကြီးသော လက်ျာလက်ရုံးတော်ကို တိုင်တည်၍ ကျိန်ဆိုတော်မူပြီ။ ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏စပါးနှင့် နောက်တဖန် ငါမကျွေး။ သင်သည် ကြိုးစား၍လုပ်သောစပျစ်ရည်ကို တပါးအမျိုးသားတို့သည် မသောက်ရကြ (ဟေရှာယ ၆၂:၈)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် မိမိ၏လူများကို ကတိတော်ပြည်သို့ ပြန်လည်ခေါ်ဆောင်လာမည်ဟု ကျိန်ဆိုခဲ့ကြောင်း၌ကျမ်းပိုဒ်တွင် သိသာထင်ရှားသည်၊ ထို့ကြောင့် ၌ကြိုတင်ဟောပြောမှုသည် ဖြစ်ပျက်လာမည်မှာ သေချာပါသည်။ သို့တိုင်၊ မေးစရာမေးခွန်းများ ကျန်ရှိနေသေးသည်_ ၎င်းကို ဘုရားသခင်သည် မည်သည့်အချိန်တွင် လုပ်ဆောင်မည်နည်း။ တိုင်းပြည်သို့မည်သူများ ပြန်လည်ခေါ်ဆောင်ခြင်းခံရမည်နည်း။ ၌ပြန်လည်ထူထောင်ခြင်းကို ကိုယ်တော်သည်မည်သည့်နည်းဖြင့် ပြီးမြောက်စေမည်နည်း။ ၌ပြန်လည်ထူထောင်ခြင်းသည် မည်သည့်အတိုင်းအတာအထိ ဖြစ်ပျက်မည်နည်း။ ကျိန်ဆိုချက်များနှင့် ပရောဖက်ပြုချက်များတွင် ၌မေးခွန်းမျိုးသည် အမြဲပါဝင်နေပါသည်။

ထို့ကြောင့် ဓမ္မဟောင်းပရောဖက်များသည် ဘုရားသခင်သည် အနာဂတ်ကို တစ်နည်းမဟုတ်တစ်နည်းဖြင့်ညွှန်ကြားရန် ကွဲပြားသောသန္နိဋ္ဌာန်ရှိကြောင်း တွေ့မြင်ရသည်။ အချို့သောပရောဖက်ပြုချက်များသည် ကျယ်ပြောလှသည်ဟု အတိအလင်းဖော်ပြသည်။ အခြားပရောဖက်ပြုချက်များမှာ ၌ကိစ္စတွင် သွယ်ဝိုက်ကာအကျုံးဝင်ပါသည်။ အခြားသောပရောဖက်ပြုချက်များကို နုတ်ကပတ်တော်များနှင့် နိမိတ်လက္ခဏာများဖြင့် အတည်ပြုထားသေးသည်။ နောက်ဆုံးတွင်၊ အချို့သောကြိုတင်ဟောပြောမှုများကိုဘုရားသခင်၏ကျိန်ဆိုခြင်းဖြင့် သေချာစေခဲ့သည်။

ဓမ္မဟောင်းအနာဂတ္တိကျမ်းများ၏ကြိုတင်ဟောပြောမှုများကို ကျွန်ုပ်တို့လေ့လာသည့်အခါ ကြိုတင်ဟောပြောမှုများနှင့် သမိုင်းဆိုင်ရာအခြေအနေများကို ကြားဝင်ဆောင်ရွက်ပေးမှု၏ဆက်စပ်မှုရှိခြင်းအား အမြဲသတိထားရန် အရေးကြီးပါသည်။ ဘုရားသခင်သည် ပရောဖက်များပြောခဲ့သည့်အတိုင်း လုပ်ဆောင်ရန် သန္နိဋ္ဌာန်အဆင့်အမျိုးမျိုးရှိပြီး၊ ကျွန်ုပ်တို့သည် ၌သန္နိဋ္ဌာန်အဆင့်များကို မမှတ်မိပါက ကြီးစွာသောအားနည်းချက်ဖြစ်လာပါလိမ့်မည်။

# ကြိုတင်ဟောပြောမှု၏ပန်းတိုင်များ

ပရောဖက်များသည် ၎င်းတို့၏ကြိုတင်ဟောပြောမှုများကို သေချာစွာနားလည်ပုံကို မြင်တွေ့ခဲ့ရပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ပရောဖက်ပြုချက်ဆိုင်ရာကြိုတင်ဟောပြောမှုများ၏ပန်းတိုင်များကို ပိုင်းခြားရန်အနေအထားတွင် ရောက်ရှိနေပြီဖြစ်သည်။ ပရောဖက်များသည် အဘယ်ကြောင့်ကြိုတင်ဟောပြောခဲ့ကြသနည်း။ သူတို့၏ရည်ရွယ်ချက်များကား အဘယ်နည်း။ ၌မေးခွန်းကိုဖြေဆိုရန်၊ ပထမ ထင်ရှားသောရှုထောင့်များ နှင့် ဒုတိယ ကြိုတင်ဟောပြောမှုများ၏ရည်ရွယ်ချက်အပေါ် မှန်ကန်သောအမြင်များကို လေ့လာရန် လိုအပ်ပါသည်။

## ထင်ရှားသောရှုထောင့်များ

ဓမ္မဟောင်းကြိုတင်ဟောပြောမှုများ၏ရည်ရွယ်ချက်နှင့် ပတ်သက်၍ ကျယ်ပြန့်သောမှားယွင်းသည့်ယူဆချက်ကို ဦးစွာကြည့်ကြပါစို့။ ဓမ္မဟောင်းကျမ်းတွင် ကြိုတင်ဟောပြောမှုများ၏ရည်ရွယ်ချက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အပေါ် လွှမ်းမိုးသောရှုမြင်ချက်တစ်ခုရှိမည်ဆိုလျှင် "ကြိုတင်ခန့်မှန်းခြင်း" ဟူသောစကားလုံးတွင်ချုပ်၍ ဖော်ပြနိုင်ပါသည်။ ကျွန်ုပ်တို့သိသည့်အတိုင်း၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များသည် ရောဂါကြို တင်ခန့်မှန်းပြောဆိုသောအခါ၊ ရောဂါ၏ရလဒ် သို့မဟုတ် ဖြစ်လာနိုင်သည့်အခြေအနေတစ်ခုနှင့်ပတ် သက်၍ ၎င်းတို့၏ထင်မြင်မှုကို ပြောပြပါသည်။ နည်းလမ်းများစွာဖြင့်၊ ဤသည်မှာ အနာဂတ္တိကျမ်းများ ကို ခရစ်ယာန်များစွာနားလည်သည့်နည်းလမ်းဖြစ်သည်။ ပရောဖက်များသည် အနာဂတ်ကို ရိုးရှင်းစွာ ကြိုတင်ပြောခဲ့သည်ဟု သူတို့ယုံကြည်ကြသည်။ နောင်ဖြစ်လတံ့သောအရာတို့ကို ကြိုတင်ဖော်ပြခဲ့ သည်။ ယခုဤအမြင်တွင် သမ္မာတရား၏အစိတ်အပိုင်းတစ်ခု ရှိသည်။ ဘုရားသခင်သည် သတ်မှတ်ထား သောအချိန်၌ ဤနည်းလမ်း သို့မဟုတ် အခြားနည်းလမ်းဖြင့်လုပ်ဆောင်ရန် ဆုံးဖြတ်ထားကြောင်း ပရော ဖက်များဖော်ပြသည်။ သို့သော် သမိုင်းဆိုင်ရာအခြေအနေများကို ကြားဝင်ဆောင်ရွက်ပေးခြင်းသည် ပရောဖက်ပြုချက်များ ပြည့်စုံစေသည့်နည်းလမ်းများအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိ ကြောင်း ကျွန်ုပ်တို့အမြဲတမ်းသတိရနေရမည်ဖြစ်သည်။

ဤကြိုတင်ခန့်မှန်းခြင်း၏လွှမ်းမိုးမှုနောက်ကွယ်တွင် ထင်ရှားသောကျမ်းပိုဒ်တစ်ပိုဒ်ရှိနေသည်၊ တရားဟောရာ ၁၈:၂၀-၂၂ ဖြစ်သည်။ ဤကျမ်းပိုဒ်တွင်၊ မောရှေသည် ပရောဖက်တစ်ဦးသည် အစစ်အမှန် သို့မဟုတ် အတုအယောင်ဖြစ်ခြင်းကို ဣသရေလလူမျိုးတို့ ဆုံးဖြတ်ရမည့်စံနှုန်းတစ်ရပ်ကို ကြေညာခဲ့ သည်။ အခန်းငယ် ၂၁ သည် ဣသရေလလူမျိုးကိုယ်စား မောရှေမေးခဲ့သောမေးခွန်းတစ်ခုဖြစ်သည်_

> သင်ကလည်း ထာဝရဘုရား မိန့်တော်မူသည် မမူသည်ကို ငါတို့သည် အဘယ်သို့သိနိုင်သနည်းဟု တွေးတောလျှင်၊ (တရားဟောရာ ၁၈:၂၁)။

အခန်းငယ် ၂၂ သည် ထိုမေးခွန်းကိုအဖြေပေးသည်_

> ပရောဖက်သည် ထာဝရဘုရား၏အခွင့်ကိုဆောင်၍ ဟောပြောသည်အတိုင်း အမှုမဖြစ်၊ ဟောပြောသောစကားမပြည့်စုံလျှင်၊ ထိုစကားကို ထာဝရဘုရား မိန့်တော်မမူ၊ ပရောဖက်သည် ရဲရင့်စွာဟောပြောပြီ။ သူ့ကိုမကြောက်ရ (တရားဟောရာ ၁၈:၂၂)။

ဤကျမ်းပိုဒ်ကို ကျယ်ပြန့်စွာ နားလည်မှုလွဲနေခြင်းအား ဤကဲ့သို့တွေ့ရသည်_ ဘုရားသခင်၏ ပရောဖက်အစစ်အမှန်က တစ်စုံတစ်ရာကို မိန့်တော်မူလျှင်၊ ထိုအမှုအရာသည်သူပြောသည့်အတိုင်း ဖြစ်လိမ့်မည် ဟူ၍ဖြစ်သည်။ သို့သော် ပရောဖက်အစစ်နှင့်ပတ်သက်သော မောရှေ၏စမ်းသပ်မှုကို မှန်ကန်စွာကျင့်သုံးရန်၊ ဤသင်ခန်းစာတွင် မြင်ပြီးဖြစ်သည့်အရာကို ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပရောဖက်များ၏နှုတ်ကပတ်တော်များကို အသက်မပါဘဲမချဉ်းကပ်ရပါ။ ပရောဖက်ပြု ချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုများ၏နောက်ကွယ်မှရည်ရွယ်ချက်များကို ဆင်ခြင်ရမည်။ ပရောဖက် များ ဟောပြောသောအခါတွင်၊ သူတို့သည် သူတို့ကြိုတင်ဟောပြောသောအရာသည် လုံးဝသေချာသည် ဟု ထင်မြင်စေရန် အမြဲမရည်ရွယ်ခဲ့ပေ။ လူသားတို့၏တုံ့ပြန်မှုသည် ကြိုတင်ဟောပြောမှုတစ်ခု၏ ပြည့်စုံမှုကို လွှမ်းမိုးနိုင်သည်ဟု သူတို့၏နှုတ်ကပတ်တော်များသည် တစ်ခါတစ်ရံတွင် ပြတ်သားစွာနှင့် အခြားအချိန်များတွင် သွယ်ဝိုက်စွာ ဖော်ပြသည်။ ထို့ကြောင့်၊ မောရှေ၏ပရောဖက်များအပေါ် စမ်းသပ်

မှုကို ကျွန်ုပ်တို့ကျင့်သုံးသောအခါ၊ ကျွန်ုပ်တို့အနေဖြင့် ပရောဖက်၏အတိအလင်းပြောခဲ့သည့်အရာကို သာမက၊ သူတို့၏ကြိုတင်ဟောပြောမှုများနှင့် အခြေအနေများမည်ကဲ့သို့သွယ်ဝိုက်သက်ဆိုင်ကြောင်း လည်း အမြဲမေးရန်လိုအပ်သည်။

ဤအရာသည် ပရောဖက်ပြုချက်အမှန်ဖြစ်ကြောင်း မောရှေနှင့် ဣသရေလသိသည်။ ဘုရားသခင်၏ကျိန်ဆိုခြင်းများသာလျှင် အနာဂတ်ဖြစ်ရပ်တစ်ခု၏တိကျသေချာမှုကို လုံခြုံစေကြောင်း သူတို့သိကြသည်။ ပရောဖက်များသည် တရားစီရင်ခြင်းဆိုင်ရာနုတ်ကပတ်တော်များကိုပြောသောအခါ ရှုတ်ချစီရင်ခြင်းမပြုဘဲ၊ တရားစီရင်ခြင်းအကြောင်းကို ရိုးရှင်းစွာသတိပေးကြောင်းကိုလည်း သူတို့သိကြသည်။ ပရောဖက်များသည် ဘုရားသခင်၏ကျိန်ဆိုခြင်းကို ညွှန်ပြခြင်းသာမက၊ ကောင်းချီးမင်္ဂလာကိုကတိမပေးဘဲ ကောင်းချီးမင်္ဂလာကို ကမ်းလှမ်းခဲ့ကြောင်းကို သူတို့နားလည်ကြသည်။ ဤကိစ္စရပ်များတွင်၊ မောရှေ၏စစ်ဆေးမှုများသည် သိသာထင်ရှားသည့်သမိုင်းဆိုင်ရာအခြေအနေများကို ကြားဝင်ဆောင်ရွက်မှုပေါ်ပေါက်ခြင်းကြောင့် ကန့်သတ်ချက်ရှိဖြစ်ရမည်ဖြစ်သည်။ တစ်နည်းဆိုရသော်၊ သိသာထင်ရှားသောလူသား၏တုံ့ပြန်မှုအချို့သည် လုပ်ငန်းစဉ်ကိုမထိခိုက်သရွေ့ မောရှေ၏စမ်းသပ်မှုများသည် လွယ်ကူစွာအသုံးပြုနိုင်မည်ဖြစ်သည်။ မဟုတ်ပါက၊ ဘုရားသခင်၏တုံ့ပြန်မှု ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ လေ့လာသူများအနေဖြင့် သိသာထင်ရှားသော ကြားဝင်ဆောင်ရွက်ပေးမှုများသည် သမိုင်းဆိုင်ရာအခြေအနေများ ပေါ်ပေါက်ခဲ့ပါသလားဟူသည့် မေးခွန်းကိုမေးရမည်ဖြစ်သည်။ ထိုသို့ပြုလျှင်၊ မောရှေ၏စမ်းသပ်မှုများကို သင့်လျော်သလို ချိန်ညှိရပေမည်။

## မှန်ကန်သောရှုထောင့်များ

ကြိုတင်ခန့်မှန်းခြင်းသည် ပရောဖက်ပြုချက်၏အဓိကပန်းတိုင်ဖြစ်သည်ဟု ယူဆခြင်းသည် လွဲမှားနေပါက၊ ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုများအတွက် အဓိကရည်ရွယ်ချက်ကား အဘယ်နည်း။ ရိုးရှင်းစွာပြောရလျှင်၊ ပရောဖက်များသည် ၎င်းတို့၏တရားနာသူများကို လှုံ့ဆော်ရန် သို့မဟုတ် စိတ်အားထက်သန်စေရန်အဓိကအားဖြင့် အနာဂတ်အကြောင်းပြောကြသည်။ နောက်တစ်နည်းမှာ၊ ပရောဖက်များသည် အနာဂတ်ကိုဖန်တီးရန်အတွက် သူတို့၏တရားနာသူများကို စိတ်အားထက်သန်စေချင်သလောက်၊ အနာဂတ်နှင့်ပတ်သက်၍ တရားနာသူများအား အသိပေးရန် သိပ်အလိုမရှိပေ။

ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုများ၏ဤရှုထောင့်ကို နားလည်ရန်၊ ဓမ္မဟောင်းယုံကြည်သူများသည် ပရောဖက်များ၏ကြိုတင်ဟောပြောမှုများအပေါ်တုံ့ပြန်ပုံကို ကြည့်ရှုခြင်းသည် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ပထမဦးစွာ ကျွန်ုပ်တို့သည် "မည်သူသိသနည်း"တုံ့ပြန်မှုကို တွေ့မြင်ရမည်ဖြစ်ပြီး၊ ထို့နောက်ဒုတိယ "နှစ်ဆ" တုံ့ပြန်မှုဟု ခေါ်သည့်အရာကို မြင်တွေ့ရမည်ဖြစ်သည်။ ဘုရားသခင်၏လူများ၏ဤတုံ့ပြန်မှုများသည် ပရောဖက်ပြုချက်ဆိုင်ရာကြိုတင်ဟောပြောမှုများ၏ ပန်းတိုင်များကို ပိုမိုရှင်းလင်းစွာမြင်နိုင်ရန် ကူညီပေးပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## "မည်သူသိသနည်း" တုံ့ပြန်ခြင်း

ပထမဆုံးအနေနှင့်"မည်သူသိသနည်း"တုံ့ပြန်မှုကို ကြည့်သင့်ပါသည်။ ဓမ္မဟောင်းအကြိမ်သုံးနေရာတွင်၊ ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုကို လူတို့ကြားသောအခါ၊ ကျွန်ုပ်တို့အတွက်ထူးဆန်းပုံရသော တုံ့ပြန်မှုတစ်ခုရှိခဲ့သည်။ သူတို့သည်"ကောင်းပြီ၊ ယခုကျွန်ုပ်တို့သည် အနာဂတ်တွင်မည်သည့်အရာများ ဖြစ်မည်ကိုသိပြီ"ဟုပြောမည့်အစား၊ "မည်သူသိသနည်း" သို့မဟုတ် ဟေဗြဲဘာသာဖြင့် *mi yode'a* (*Yḝ yṳ̄ïi*) ဟုဆိုကြသည်။

၎င်းသည် "မည်သူသိသနည်း"တုံ့ပြန်မှုသည် မှတ်သားထိုက်သော အခြေအနေသုံးခုတွင် ဖြစ်ပွားခဲ့သည်။ ရှေးဦးစွာ ဒါဝိဒ်သည် ဗာသရှေဘနှင့်ဖောက်ပြန်ခြင်းအတွက် နာသန်နှင့် ရင်ဆိုင်ရသောအခါ၊ ၂ ဓမ္မရာဇဝင် ၁၂:၁၄ တွင် အောက်ပါကြိုတင်ဟောပြောမှုကို ဖေါ်ပြခဲ့သည်–

> သို့သော်လည်း ကိုယ်တော်သည် ထိုသို့ပြစ်မှားသောအားဖြင့်၊
> ကဲ့ရဲ့စရာအခွင့်ကြီးကို ထာဝရဘုရား၏ရန်သူတို့အားပေးသောကြောင့်၊
> ယခုမြင်သောသားသည် ဆက်ဆက်သေရမည် (၂ ဓမ္မရာဇဝင် ၁၂:၁၄)။

ဒါဝိဒ်၏သားသေမည်ဟု နာသန်ကြိုတင်ဟောပြောခဲ့ပြီး၊ ကျွန်ုပ်တို့သိရှိသည့်အတိုင်း သူသေဆုံးသွားသည်။ ဒါဝိဒ်သည် နာသန်၏ကြိုတင်ဟောပြောမှုများကြားပြီးနောက်တွင် သူ့အနေဖြင့်တွေးနေခဲ့သည့်အရာကို သူ၏နန်းတော်ရှိလူများကို နောက်ပိုင်း၌ရှင်းပြခဲ့သည်၊ ၎င်းသည် ကလေးမသေမီတွင်ဖြစ်သည်။ ထို့ကြောင့် ၂ ဓမ္မရာဇဝင် ၁၂:၂၂ တွင် အောက်ပါနှုတ်ကပတ်တော်များကို သူဆိုသည်–

> ဒါဝိဒ်က၊ သူငယ်အသက်ရှင်စဉ်အခါ ဘုရားသခင်သည် ငါ့ကိုသနားတော်မူ၍၊
> သူငယ်အသက်ကို ချမ်းသာပေးတော်မမူမည်ကို အဘယ်သူဆိုနိုင်သနည်းဟု
> အောက်မေ့လျက်၊ ငါသည်အစာရှောင်၍ ငိုကြွေးလျက်နေ၏။ ယခုမှာ
> သူငယ်သေပြီ။ အဘယ်ကြောင့် အစာရှောင်ရမည်နည်း (၂ ဓမ္မရာဇဝင် ၁၂:၂၂)။

ပရောဖက်ပြုချက်ဆိုင်ရာနှုတ်ကပတ်တော်ကို မလွဲမရှောင်သာလက်ခံမည့်အစား၊ ဆုတောင်းခြင်းနှင့် နောင်တရခြင်းအားဖြင့် ထိုကြိုတင်ဟောပြောမှုကို ရှောင်ရှားနိုင်မည်လောဟု ဒါဝိဒ်သည်စဉ်းစားနေဆဲဖြစ်သည်။ သားဖြစ်သူသေဆုံးသွားသောကြောင့် သူ၏ကြိုးပမ်းမှုများတွင် အလုပ်မဖြစ်ခဲ့သော်လည်း ဒါဝိဒ်၏သဘောထားမှာ ရှင်းလင်းပြတ်သားသည်။ ကလေးမသေခင်အထိ ဒါဝိဒ်၏မျှော်လင့်ချက်သည် "မည်သူသိသနည်း" ဟူ၍ဖြစ်သည်။

အလားတူ၊ နိနေဝေမြို့သည် တရားစီရင်ခြင်းခံရတော့မည်ဖြစ်ကြောင်း ပရောဖက်ယောနဟောပြောခဲ့သည်။ သူ၏ကျမ်း ၃:၄ တွင်၊ အောက်ပါကြိုတင်ဟောပြောမှုကို ကျွန်ုပ်တို့ဖတ်ရသည်–

> ယောနသည် မြို့ထဲသို့ဝင်၍ တနေ့ခရီးသွားလျက်၊ အရက်လေးဆယ်လွန်သော်၊
> နိနေဝေမြို့သည်ပျက်စီးခြင်းသို့ရောက်လိမ့်မည်ဟု ကြွေးကြော်လေ၏ (ယောန
> ၃:၄)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တစ်ဖန်၊ နိနေဝေမြို့သားတို့သည် ပရောဖက်၏ကြိုတင်ဟောပြောမှုကို မလွှဲမရှောင်သာအဖြစ် လက်ခံကြမည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားသော်လည်း၊ သူတို့သည် ထိုကဲ့သို့မဟုတ်ပါ။ ၎င်းအစား၊ ဒါဝိဒ်နည်းတူ သူတို့တုံ့ပြန်ကြသည်။ ယောန ၃:၉ တွင် နိနေဝေမင်းကြီးပြောသည်မှာ_

> ငါတို့သည် ပျက်စီးခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ ဘုရားသခင်သည် ပြောင်းလဲ၍နောင်တရသဖြင့်၊ ပြင်းစွာသောအမျက်တော်ကို ငြိမ်းစေတော်မူမည်မမူမည်ကို အဘယ်သူပြောနိုင်သနည်း (ယောန ၃:၉)။

တတိယအကြိမ်တွင်၊ ပရောဖက်ပြုချက်အပေါ် အလားတူတုံ့ပြန်မှု ဖြစ်ပွားသည်။ ယောလ ၂း၁-၁၁ တွင် ယေရုရှလင်မြို့သည် ကြီးစွာသောတရားစီရင်ခြင်းခံရမည်ဟု ပရောဖက်သည်ကြေညာခဲ့သည်။ သို့သော် ယောလသည် သူ၏တရားနာသူများကို နောင်တရပြီး အစာရှောင်ရန် အားပေးခဲ့သည်။ နောင်တနှင့် အစာရှောင်ခြင်းတို့ကို အားပေးသည့်အကြောင်းရင်းကို ၂:၁၄ တွင် ရှင်းလင်းစွာဖော်ပြထားသည်။ ထိုနေရာတွင် အောက်ပါနှုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရပါသည်_

> ဘုရားသခင်သည် တဖန်ပြန်လာ၍နောင်တရပြီးလျှင်၊ ကောင်းကြီးမင်္ဂလာကို ထားရစ်စေတော်မူမည်မမူမည်ကို အဘယ်သူသိနိုင်သနည်း (ယောလ ၂:၁၄)။

သူ၏ကြိုတင်ဟောပြောမှုအပြည့်အဝမပြည့်စုံသရွေ့ ဘုရားသခင်၏ခွင့်လွှတ်မှုကိုရယူရန် လူတို့သည် ရှာဖွေသင့်သည်၊ အဘယ်ကြောင့်ဆိုသော် ထိုသမိုင်းဆိုင်ရာကြားဝင်ဆောင်ရွက်ပေးမှုအပေါ် ဘုရားသခင်မည်သို့တုံ့ပြန်မည်ကို မည်သူမျှမသိနိုင်သောကြောင့်ဖြစ်သည်ဟု ယောလသည်ယုံကြည်စိတ်ချခဲ့သည်။။

ဤ"မည်သူသိသနည်း"တုံ့ပြန်မှုများသည် ဓမ္မဟောင်းယုံကြည်သူများအကြောင်း ကျွန်ုပ်တို့အား မည်သည့်အရာသင်ပေးသနည်း။ ဓမ္မဟောင်းယုံကြည်သူများသည် ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုများသည် သူတို့၏ကြမ္မာကို တံဆိပ်ခတ်ထားသည်ဟု မယူမှတ်ခဲ့ကြချေ။ ၎င်းအစား၊ ပရောဖက်ပြုချက်များ ပြည့်စုံစေမည့်နည်းလမ်းများပေါ်တွင် ထင်ရှားစွာအကျိုးသက်ရောက်စေရန်—အထူးသဖြင့် ဆုတောင်းခြင်း၏အခြေအနေ—သမိုင်းဆိုင်ရာအခြေအနေများကို ကြားဝင်ဆောင်ရွက်ပေးရန်ဖြစ်နိုင်ကြောင်း သူတို့အမြဲယုံကြည်ခဲ့ကြသည်။

## နှစ်ဆသောတုံ့ပြန်ခြင်း

"မည်သူသိသနည်း"တုံ့ပြန်မှုသည် ဓမ္မဟောင်းပရောဖက်ပြုချက်၏ပန်းတိုင်ကို ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်ရန် ဦးတည်စေသည်။ ပရောဖက်များသည် ၎င်းတို့၏ကြိုတင်ဟောပြောမှုများကို နှစ်ဆတုံ့ပြန်ရန် မျှော်လင့်ခဲ့ကြသည်။ တစ်ဖက်တွင်မူ၊ အကယ်၍ပိုဆိုးလာပါက ခြိမ်းခြောက်သော တရားစီရင်ခြင်းကိုခံစားရစေမည့် သေချာသည့်နည်းလမ်းတစ်ခုရှိကြောင်း ပရောဖက်များသိထားသည်။ ၎င်းမှာ ကြိုတင်ဟောပြောခြင်း၏သတိပေးချက်ကို လျစ်လျူရှုပြီး ဘုရားသခင်ကိုပုန်ကန်ရန် ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင်၊ ဘုရားသခင်သည်သူ၏လူများအပေါ် တရားစီရင်ခြင်း ပဋိညာဉ်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ပရောဖက်များကြေညာသောအခါ၊ သူတို့သည် တရားစီရင်ခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုဖယ်ရှားနိုင်လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် လူများကိုဘုရားသခင်ထံပြန်လာစေချင်ခဲ့ကြသည်။ နောင်တရခြင်းနှင့် ထာဝရဘုရားကိုယုံကြည်ကိုးစားခြင်းသည် ဘုရားသခင်၏တရားစီရင်ခြင်းကို ရှောင်ရှားခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သည်။ တစ်ဖက်တွင်၊ ပရောဖက်များသည် ကောင်းချီးမင်္ဂလာများဆိုင်ရာနုတ်ကပတ်တော်များကို ပေးသောအခါတွင်၊ ၎င်းတို့၏စာဖတ်သူများ၏ တုံ့ပြန်မှုများကိုလည်း လှုံ့ဆော်ပေးလိုကြသည်။ ဘုရားသခင်ကိုဆန့်ကျင်သော ထင်ရှားသောပုန်ကန်မှုသည် ကြိုတင်ဟောပြောထားသောကောင်းချီးမင်္ဂလာများကိုဖယ်ရှားကာ တရားစီရင်ခြင်းနှင့် အစားထိုးနိုင်သော်လည်း၊ သစ္စာရှိစွာ ဆက်လက်အသက်ရှင်ခြင်းက ကတိထားရာကောင်းချီးမင်္ဂလာများကို ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း သူတို့သေချာပေါက်ယုံကြည်ကြသည်။

ရိုးရှင်းစွာပြောရလျှင်၊ ပရောဖက်များသည်တရားနာသူများအား တရားစီရင်ခြင်းကိုရှောင်ရှားရန်နှင့် ၎င်းတို့၏လုပ်ဆောင်မှုများအားဖြင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုအရှိန်မြှင့်ရန် သူတို့၏ တရားစီရင်ခြင်းနှင့် ကောင်းချီးမင်္ဂလာများဆိုင်ရာ ကြိုတင်ဟောပြောမှုများဖြင့် အားပေးခဲ့ကြသည်။ ဤနည်းအားဖြင့်၊ ပရောဖက်ပြုချက်ဆိုင်ရာ ကြိုတင်ဟောပြောမှုများ၏ပန်းတိုင်သည် အဓိကအားဖြင့် ကြိုတင်ခန့်မှန်းခြင်းမဟုတ်၊ ဘုရားသခင်၏အမှုတော်၌ ဘုရားသခင်၏လူများကို စိတ်အားထက်သန်စေရန်ဖြစ်သည်။

# နိဂုံး

ထို့ကြောင့် ကြိုတင်ဟောပြောမှုများ၏ရည်ရွယ်ချက်ကို ဤသင်ခန်းစာတွင် ခေါင်းစဉ်လေးခုဖြင့် တွေ့မြင်ခဲ့သည်၊ ပထမ သမိုင်းတစ်လျှောက် ဘုရားသခင်၏အချုပ်အခြာအာဏာအကြောင်း၊ ထို့နောက် ကြိုတင်ဟောပြောမှုများနှင့် အခြေအနေများ၊ တတိယ ကြိုတင်ဟောပြောမှုများ၏တိကျသေချာမှုတို့ကို မြင်တွေ့ခဲ့ရပြီး၊ နောက်ဆုံးတွင် ကြိုတင်ဟောပြောမှုများ၏ပန်းတိုင်များကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ ဤသင်ခန်းစာတွင်ကျွန်ုပ်တို့တင်ပြခဲ့သောအယူအဆများသည် ဓမ္မဟောင်းပရောဖက်ပြုချက်ကို နားလည်ရန်အတွက် လုံးဝမရှိမဖြစ်လိုအပ်ပါသည်။ ဓမ္မဟောင်းပရောဖက်များသည် အနာဂတ်တွင် ဖြစ်ပျက်မည့်အရာများကို လူတို့သိရှိနိုင်စေရန်အတွက် သမိုင်းကိုကြိုတင်ပြောဆိုရန် မကြိုးစားခဲ့ကြပေ။ လူတို့သည်တရားစီရင်ခြင်းမှ ရှောင်ကြဉ်ပြီး ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုရှာဖွေရန် ၎င်းတို့သည် လှုံ့ဆော်ပေးသည်။ ဓမ္မဟောင်းပရောဖက်ပြုချက်ကို ကျွန်ုပ်တို့ဖတ်ရှုသည့်အခါ၊ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကိုရှာရန်နှင့် ကိုယ်တော်၏တရားစီရင်ခြင်းကို ရှောင်ရှားရန် ကျွန်ုပ်တို့စိတ်အားထက်သန်ရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။